ဒွါဒသမ။ ၁၂။ဘိက္ခုနိယောပနေဝ၊ ရဟန်းမိန်းမတို့သည်သာ လျှင်၊ သံသဋ္ဌာ၊ လူတို့နှင့် နှီးနှော၍နေကုန်သည်ဖြစ်၍၊ ပါပါစာရာ၊ ယုတ်မာသော ကိုယ်အကျင့်, နှုတ်အကျင့်ရှိကုန်သည် ဖြစ်၍၊ ပါပသဒ္ဒါ၊ ယုတ်မာသော ကျော်စောသံ ရှိကုန်သည် ဖြစ်၍၊ ပါပသိလောကာ၊ယုတ်မာသော အသက်မွေးခြင်းရှိကုန်သည် ဖြစ်၍၊ ဘိက္ခုနိသံဃဿ၊ ဘိက္ခုနိသံဃာအား၊ ဝိဟေသိကာ၊ ညှဉ်းဆဲကုန်သည်ဖြစ်၍၊ အညမညိဿာ၊ တယောက်သည် တ ယောက်၏၊ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ခဒ္ဒါနုခဒ္ဒကအာပတ်ကို ဖုံးလွှမ်း ကုန်သည်ဖြစ်၍၊ ဝိဟရန္တိ၊နေကုန်၏။တာဘိက္ခုနိယော၊ တို့ကို၊

ဘိက္ခုနိယော၊တို့သည်၊ဝေ၊သို့၊ဝစနီယာ၊ကုန်သည်၊အသျှ၊ ကုန်၏။ "ဘဂိနိယော၊ ညီမတို့သည်၊ ခေါ၊စင်စစ်၊ သံသဋ္ဌာ၊ ၍၊ ပ၊ ဝဇ္ဇပဋိစ္ဆာဒိကာ၊၍၊ ဝိဟရန္တိ၊ ကုန်၏။ အယျော၊တို့၊ တုမှေ၊တို့ သည်၊ဝိဝိစ္စထ၊သံသဋ္ဌစသည်မှ ဆိတ်ကြလော့။ ဘဂိနီနံ၊ ညီမ တို့၏၊ ဝိဝေကညေဝ၊ ဆိတ်ငြိမ်ခြင်းကိုသာလျှင်၊ သံဃော၊ သည်။ ဝဏ္ဏေတိ၊ ချီးမွမ်း၏'၊ ဣတိ၊သို့၊ဝစနီယာ၊ ကုန် သည်၊ အသျှ၊ကုန်၏။ ဧဝဉ္စ၊လျှင်၊ ဘိက္ခုနိယော၊တို့သည်၊ဝုစ္စမာနာ၊ကုန် သော်၊တာဘိက္ခုနိယော၊တို့သည်၊တထေဝ၊လျှင်၊ ပဂ္ဂဏှေယျုံ၊ ကုန်အံ့။ ပ။

တေရသမ။ ၁၃။ဝေ၊သို့၊ဝဒေယျ၊အံ့။ "အယျော၊တို့၊တုမှေ၊ တို့ သည်၊ သံသဋ္ဌာဝ၊လူတို့နှင့် နှီးနှောကုန်သည် ဖြစ်၍သာလျှင်၊ ဝိဟရထ၊နေကြကုန်လော့။ တုမှေ၊တို့သည်၊ နာနာ၊ နှီးနှော ခြင်းကင်းကုန်သည်ဖြစ်၍၊ မာဝိဟရိတ္ထ၊ မနေ ကြကုန်လင့်၊ သံဃေ၊ သံဃာ၌၊ ဧဝရူပါ၊ သျှင်မတို့ကဲ့သို့ ယုတ်မာသော ကိုယ်အကျင့် နှုတ်အကျင့်ရှိကုန်သော၊ ဧဝံသဒ္ဒါ၊ သျှင်မတို့ကဲ့ သို့ယုတ်မာသော ကျော်စောသံရှိကုန်သော၊ ဧဝံသိလောကာ၊ သျှင်မတို့ကဲ့သို့ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်သော၊ ဘိက္ခုနိသံဃဿ၊အား၊ဝိဟေသိကာ၊ကုန်သော၊ အညမညဿာ၊ ၏၊ ဝဇ္ဇပဋိစ္ဆာဒိကာ၊ကုန်သော၊ အညာပိ၊သျှင်မတို့မှ တပါး လည်းဖြစ်ကုန်သော၊ ဘိက္ခုနိယော၊ တို့သည်၊ သန္တိ၊ ကုန်၏။ တာ၊ထိုရဟန်းမိန်းမတို့ကို၊သံဃော၊သည်၊ကိဉ္စိ၊ တစုံတခုကိုမျှ၊ နအာဟ၊မဆို၊ သံဃော၊သည်၊ တုမှေဧဝ၊ သျှင်မတို့အားသာ လျှင်၊ ဥညာယ၊မထေမဲ့မြင်ပြုသဖြင့်၊ ပရိဘဝေန၊ နှိပ်စက်သ ဖြင့်၊ အက္ခန္တိယာ၊သည်းမခံသဖြင့်၊ ဝေဘဿိယာ၊ အထူးထူး

ဆိုသဖြင့်၊ ဝါ၊ အားကိုပြု၍ ထိတ်လန့်စေသဖြင့်၊ ဒုဗ္ဗလျာ၊ သျှင်မတို့အားနည်းသဖြင့်၊ 'ဘဂိနိယောဇေါ၊ ပ၊ သံဃော ဝဏ္ဏေတီ' တိ၊ ဟူ၍၊ ဧဝံ၊ သို့၊ အာဟ၊ ၏"။ ဣတိ၊ ဤသို့၊ ဝဒေယျ၊ အံ့၊ သာ ဘိက္ခုနီ၊ ကို၊ ဘိက္ခုနီဟိ၊ တို့သည်၊ ဧဝံ၊ သို့၊ ဝစနီယာ၊ သည်၊ အဿ၊ ၏၊ "အယျေ၊ မာ၊ တွံ၊ သည်၊ 'သံသဋ္ဌာဝ အယျေ တုမှေ ဝိဟရထ၊ ပ၊ သံဃော ဝဏ္ဏေတီ' တိ၊ ဟူ၍၊ ဧဝံ၊ သို့၊ မာ အဝစ၊ မဆိုလင့်"၊ ဣတိ၊ သို့၊ ဝစနီယာ၊ သည်၊ အဿ၊ ၏။ ဧဝဥ္စ၊ လျှင်၊ ဘိက္ခုနီဟိ၊ တို့သည်၊ ဝုစ္စမာနာ၊ သော်၊ သာ ဘိက္ခုနီ၊ သည်၊ တထေဝ၊ လျှင်၊ ပဂ္ဂဏှေယျ၊ အံ့။ ပ။

နိဂုံး။ ။အယျာယော၊ တို့၊ ပဌမာပတ္တိကာ၊ ကုန်သော၊ နဝ၊ ကိုးပါးကုန်သော သံဃာဒိသိသ်တို့၎င်း၊ ယာဝတတိယကာ၊ ကုန်သော၊ အဋ္ဌ၊ ရှစ်ပါးကုန်သော သံဃာဒိသိသ်တို့၎င်း၊ ဣတိ၊ သို့၊ သတ္တရသ၊ ကုန်သော၊ သံဃာဒိသေသာ၊ ကုန်သော၊ ဓမ္မာ၊ တို့ကို၊ ဥဒ္ဒိဋ္ဌာခေါ၊ တည်း။ ယေသံ၊ အကြင် တဆဲ့ခုနစ်ပါးသော သံဃာဒိသိသ်တို့တွင်၊ ဝါ၊ ယာ ဘိက္ခုနီ၊ သည်၊ ဧသံ၊ တို့တွင်၊ အညတရံ ဝါ အညတရံ ဝါ၊ သို့လည်း၊ အာပဇ္ဇတိ၊ ၏။ တာယ ဘိက္ခုနိယာ၊ သည်၊ ဥဘတောသံဃေ၊ ဘိက္ခုသံဃာ, ဘိက္ခုနီ သံဃာ၌၊ ပက္ခမာနတ္တံ၊ လခွဲပတ်လုံး ကျင့်အပ်သော မာနတ်ကို၊ စရိတဗ္ဗံ၊ ကျင့်အပ်၏၊ ဘိက္ခုနိယာ၊ သည်၊ စိဏ္ဏမာနတ္တာယ၊ ပက္ခမာနတ်ကျင့်ပြီးသော်၊ ယတ္ထ၊ အကြင်သိမ်၌၊ ပ၊ ဓာရယာမိ၊ ၏။

ဝိတ္ထာရဒေသ

နိဿဂ္ဂိယပါစိတ်

၁။ ပတ္တဝဂ်

နိဒါန်း။ ။အယျာယော၊ တို၊ တိံသ၊ ကုန်သော၊ နိဿဂ္ဂိယာ၊ ကုန်သော၊ ပါစိတ္တိယာ၊ ကုန်သော၊ ပ။

ပဌမ။ ၁။ ယာပန ဘိက္ခုနိ၊ သည်၊ ပတ္တသန္နိစယံ၊ တရက်မျှ အဓိဋ္ဌာန်, ဝိကပ္ပနာမပြုပဲ သပိတ်ကို သိုမှီးခြင်းကို၊ ကရေယျ၊ အံ့။ တဿာဘိက္ခုနိယာ၊ အား၊ နိဿဂ္ဂိယံ၊ သော၊ပါစိတ္တိယံ၊၏။

ဒုတိယ။ ၂။ အကာလစီဝရံ၊ အကာလသင်္ကန်းကို၊ ကာလ စီဝရန္တိ၊ ကာလသင်္ကန်းဟူ၍၊ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍၊ ဘာဇာပေယျ၊ ဝေဖန်စေငြားအံ့။ ပ။

တတိယ။ ၃။ ဘိက္ခုနိယာ၊ နှင့်၊ သဒ္ဓိံ၊ ကွ၊ စီဝရံ၊ ကို၊ ပရိဝတ္တေတွာ၊ ဖလှယ်၍၊ သာ၊ ထိုရဟန်းမိန်းမသည်၊ ပစ္ဆာ၊ ၌၊ ဝေံ၊ သို၊ ဝဒေယျ၊ အံ့။ "အယျေ၊ မ၊တုယှံ၊၏၊ စီဝရံ၊ကို၊ဟန္ဒ၊ ယူလော့။ မေ၊ ၏၊ တံစီဝရံ၊ ကို၊ အာဟရ၊ဆောင်ခဲ့။ ယံစီဝရံ၊ သည်၊ တုယှံ၊ ၏၊ စီဝရံ၊ တည်း။ တော၊ ထိုသင်၏သင်္ကန်းသည်၊ တုယှမေဝ၊ သင့်အားသာလျှင်၊ ဟောတု၊ ဖြစ်စေ။ ယံစီဝရံ၊ သည်၊ မေ၊၏၊ စီဝရံ၊ တည်း။ တော်စီဝရံ၊ ထိုငါ၏သင်္ကန်းသည်၊ မယှမေဝ၊ ငါ့အားသာလျှင်၊ ဟောတု၊ စေ။ မေ၊ ၏၊ တံစီဝရံ၊ ကို၊ အာဟရ၊ ဆောင်ခဲ့။ သကံ၊ မိမိဥစ္စာဖြစ်သော သင်္ကန်းကို၊

ပစ္စာဟရ၊ တဖန်ဆောင်လေ”။ ဣတိ၊ ဤသို့ဆို၍၊ အစ္ဆိန္ဒေယျ ဝါ၊ မိမိမူလည်း လုယက်ငြားအံ့၊ အစ္ဆိန္ဒာပေယျဝါ၊ အံ့။ ပ။

စတုတ္ထ။ ၄။ အညံ၊ တပါးသောထောပတ်ကို၊ ဝိညာပေတွာ၊ တောင်းပြီး၍၊ အညံ၊ တပါးသောဆီကို၊ ဝိညာပေယျ၊တောင်း ငြားအံ့။ ပ။

ပဉ္စမ။ ၅။ အညံ၊ တပါးသောဆီကို၊ စေတာပေတွာ၊ ဝယ် စေ၍၊ အညံ၊ တပါးသောထောပတ်ကို၊ စေတာပေယျ၊အံ့။ ပ။

ဆဋ္ဌ။ ၆။ အညဒတ္ထိကေန၊ တပါးသော သက်န်းအကျိုးငှာ လှူအပ်သော၊ အညုဒ္ဒိသိကေန၊ တပါးသောသက်န်းကို ညွှန်း၍ လှူအပ်သော၊ သံဃိကေန၊ သံဃာအားစွန့်အပ်သော၊ ပရိက္ခာရေန၊ ကပ္ပိယဘဏ္ဍာဖြင့်၊ အညံ၊ တပါးသောဆေးကို၊ စေတာ ပေယျ၊ အံ့။ ပ။

သတ္တမ။ ၇။ အညဒတ္ထိကေန၊ တပါးသော သက်န်းအကျိုး ငှာ လှူအပ်သော၊ အညုဒ္ဒိသိကေန၊ တပါးသော သက်န်းကို ညွှန်း၍ လှူအပ်သော၊ သံဃိကေန၊ သော၊ သညာစိကေန၊ကိုယ် တိုင် တောင်းအပ်သော၊ ပရိက္ခာရေန၊ဖြင့်၊ အညံ၊ တပါးသော ဆေးကို၊ ပ။

အဋ္ဌမ။ ၈။ အညဒတ္ထိကေန၊ တပါးသော ယာဂုအကျိုးငှာ လှူအပ်သော၊ အညုဒ္ဒိသိကေန၊ တပါးသောယာဂုကို ညွှန်း၍ လှူအပ်သော၊ မဟာဇနိကေန၊ ဂိုဏ်းအားစွန့်အပ်သော၊ပရိက္ခာ ရေန၊ ဖြင့်၊ အညံ၊ တပါးသောဆေးကို၊ ပ။

နဝမ။ ၉။ အညဒတ္တိကေန၊ သော၊ အညုဒ္ဒိသိကေန၊သော၊ မဟာဇနိကေန၊ သော၊ သညာစိကေန၊ သော၊ ပရိက္ခာရေန၊ ဖြင့်၊ အညံ၊ ကို၊ ပ။

ဒသမ။ ၁၀။ အညဒတ္တိကေန၊ တပါးသော ပရိဝုဏ်အကျိုးငှာ လှူအပ်သော၊ အညုဒ္ဒိသိကေန၊ တပါးသော ပရိဝုဏ်ကို ညွှန်း၍လှူအပ်သော၊ ပုဂ္ဂလိကေန၊ ပုဂ္ဂိုလ်အားစွန့်အပ်သော၊ သညာစိကေန၊ သော၊ ပရိက္ခာရေန၊ ဖြင့်၊ အညံ၊ တပါးသော ဆေးကို၊ ပ။

၂။ စီဝရဝဂ်

ပဌမ။ ၁၁။ ဂရုပါဝုရဏံ၊ ချမ်းသောအခါ ခြုံအပ်သော လေးသောအရုံကို၊ စေတာပေန္တိယာ၊ တောင်းသော၊ ဘိက္ခုနိယာပန၊သည်ကား၊ စတုက္ကံသပရမံ၊လေးကံသ တဆယ့်ခြောက်သပြာထိုက်သော အရုံကို၊ စေတာပေတဗ္ဗံ၊ တောင်းအပ်၏။ တတော၊ ထိုလေးကံသ တဆယ့်ခြောက်သပြာထိုက်သော အရုံထက်၊ ဥတ္တရိ၊ အလွန်၊ စေစေတာပေယျ၊ အံ့၊ ပ။

မှတ်ဖွယ်။ ။တကံသကား လေးအသပြာ ရှိ၏။

ဒုတိယ။ ၁၂။ လဟုပါဝုရဏံ၊ ပူသောအခါ ခြုံအပ်သော ပေါ့သောအရုံကို၊ စေတာပေန္တိယာ၊ သော၊ ဘိက္ခုနိယာပန၊ သည်ကား၊ အဍ္ဎတေယျကံသပရမံ၊ အခွဲနှင့်တကွ သုံးကံသထိုက်သော အရုံကို၊ ဝါ၊ နှစ်ကံသခွဲ့ဆယ်သပြာထိုက်သော အရုံကို၊ စေတာပေတဗ္ဗံ၊၏၊ တတော၊ ထိုအခွဲနှင့်တကွ သုံးကံသ ဆယ်သပြာထိုက်သော အရုံထက်၊ ပ။

နိဿဂ္ဂိယပါစိတ္တိယာ နိဋ္ဌိတာ။

သုဒ္ဓပါစိတ်

၁။ လသုဏဝဂ်

နိဒါန်း။ ။အယျာယော၊ တို့၊ ဆသဋ္ဌိသတာ၊ တရာ့ ခြောက်ဆယ့် ခြောက်ပါးကုန်သော၊ ပါစိတ္တိယာ၊ ကုန်သော၊ ဣမေ ခေါပန ဓမ္မာ၊ တို့သည်၊ ပါ။

ပဌမ။ ၁။ လသုဏံ၊ ကြက်သွန်ဖြူကို၊ ခါဒေယျ၊ စားငြားအံ့။ ပါ။

မှတ်ဖွယ်။ ။မဂဓတိုင်း၌ ဖြစ်သော အမြွှာင့်များသော ကြက်သွန်စိမ်း ဟူ၏၊ တမြွှာင့်, နှစ်မြွှာင့်, သုံးမြွှာင့်ရှိသော ကြက်သွန်မဟုတ်၊ (ရဟန်းယောကျ်ားအား ဒုက္ကဋ်သင့်၏။)

ဒုတိယ။ ၂။ သမ္ဗာဓေ၊ ကျဉ်း မြောင်း သော ပဿာဝမဂ် လက်ကတီးကြား၌၊ လောမံ၊ အမွေးကို၊ သံဟရာပေယျ၊ နုတ်ငြားအံ့။ ပါ။ (ရဟန်းယောကျ်ားအား ဒုက္ကဋ်)

တတိယ။ ၃။ တလဃာတကေ၊ ပဿာဝမဂ်အပြင်ကို ပုတ်ခတ်ခြင်းကြောင့်၊ ပါစိတ္တိယံ၊ ၏။

စတုတ္ထ။ ၄။ ဇတုမဋ္ဌကေ၊ အပြေအပြစ် ပွတ်အပ်သော ချိပ်ချောင်းဖြင့် ပဿာဝမဂ်ကို ထိုးခြင်းကြောင့်၊ ပါ။

ပဉ္စမ။ ၅။ ဥဒကသုဒ္ဓိကံ၊ ပဿာဝမဂ်ကို ရေဆေးခြင်းကို၊ အာဒိယမာနာယ၊ ယူသော၊ ဘိက္ခုနိယာပန၊သည်ကား၊ ဒွင်္ဂုလပဗ္ဗပရမံ၊ လက်နှစ်ချောင်း၌ တခုတခုပြု၍ လက်နှစ်ဆစ် အတိုင်း

အရှည်ရှိသော အရပ်တိုင်အောင်၊ အာဒါတဗ္ဗံ၊ ယူအပ်၏။ တံ၊ ထိုလက်နှစ်သစ် အတိုင်းအရှည်ရှိသောအရပ်ကို၊ အတိက္ကာမေန္တိယာ၊ လွန်စေသော ရဟန်းမိန်းမအား၊ ပါ။

ဆဋ္ဌ။ ၆။ ဘုဥ္ဇန္တဿ၊ဆွမ်းစားသော၊ ဘိက္ခုဿ၊ရဟန်းအား၊ ပါနီယေနဝါ၊ သောက်ရေဖြင့်၎င်း၊ ဝိဓူပနေနဝါ၊ ယပ်ခပ်သဖြင့်၎င်း၊ ဥပတိဋ္ဌေယျ၊ အနီး၌ရပ်၍ လုပ်ကျွေးငြားအံ့။ ပါ။

သတ္တမ။ ၇။ အာမကဓညံ၊ စပါးစိမ်းကို၊ ဝိညတွာဝါ၊ မိမိတောင်း၍၎င်း၊ ဝိညာပေတွာဝါ၊ သူတပါးကို တောင်းစေ၍၎င်း၊ ဘဇ္ဇိတွာဝါ၊ မိမိလှော်၍၎င်း၊ ဘဇ္ဇာပေတွာဝါ၊စေ၍၎င်း၊ ကောဋ္ဋေတွာဝါ၊ မိမိထောင်း၍၎င်း၊ ကောဋ္ဋာပေတွာဝါ၊ စေ၍၎င်း၊ ပစိတွာဝါ၊ မိမိချက်၍၎င်း၊ ပစာပေတွာဝါ၊ စေ၍၎င်း၊ ဘုဥ္ဇေယျ၊ အံ့။ ပါ။

အဋ္ဌမ။ ၈။ ဥစ္စာရံဝါ၊ ကျင်ကြီးကို၎င်း၊ ပဿာဝံဝါ၊ ကျင်ငယ်ကို၎င်း၊ သင်္ကာရံဝါ၊အမှိုက်ကို၎င်း၊ ဝိဃာသံဝါ၊စားကြွင်းကို၎င်း၊ တိရောကုဋ္ဋေဝါ၊ နံရံတဖက်၌၎င်း၊ တိရောပါကာရေဝါ၊ တံတိုင်းတဖက်၌၎င်း၊ ဆဍ္ဍေယျဝါ၊ မိမိမူလည်း စွန့်ငြားအံ့။ ပါ။ (ရဟန်းအား ဒုက္ကဋ်)

နဝမ။ ၉။ ဥစ္စာရံဝါ၊ ၎င်း၊ ပါ၊ ဟရိတေ၊ စိုက်ပျိုးသော ကောက်ပဲ သစ်ပင် ရှိသော လယ်အရံ၌၊ ဆဍ္ဍေယျဝါ၊ အံ့။ ပါ။ (ရဟန်းအား ဒုက္ကဋ်)

ဒသမ။ ၁၀။ နစ္စံဝါ၊ ကခြင်းကို၎င်း၊ ဂီတံဝါ၊ သီခြင်းကို

ၡင်း၊ ဝါဒိတံဝါ၊ တီးမှုတ်ခြင်းကိုၡင်း၊ ဒဿနာယ၊ ကြည့်ရှုနာခံခြင်းငှာ၊ ဂစ္ဆေယျ၊ အံ့။ ပ။ (ရဟန်းအား ဒုက္ကဋ်)

၂။ ရတ္တန္ဓကာရဝဂ်

ပဌမ။ ၁၁။ ယာပနဘိက္ခုနီ၊သည်၊အပ္ပဒီပေ၊အရောင်အလင်းကင်းသော၊ ရတ္တန္ဓကာရေ၊ ညဉ့်မိုက်သော အခါ၌၊ ဧကေန၊ တယောက်တည်းသော၊ ပုရိသေန၊ ယောကျ်ားနှင့်၊ သဒ္ဓိံ၊ ကွ၊ ဧကော၊ တယောက်အတီးတည်း၊ သန္တိဋ္ဌေယျဝါ၊ တကွမူလည်း ရပ်ငြားအံ့၊ သလ္လပေယျဝါ၊ တကွမူလည်း ပြောဆိုငြားအံ့။ ပ။

ဒုတိယ။ ၁၂။ ပဋိစ္ဆန္နေ၊ နံရံစသည်ဖြင့် ဖုံးလွှမ်းသော၊ ဩကာသေ၊ အရပ်၌၊ ပ။

တတိယ။ ၁၃။ အဇ္ဈောကာသေ၊ ဟင်းလင်းအပြင် လွင်အရပ်၌၊ ပ။

စတုတ္ထ။ ၁၄။ ရထိကာယဝါ၊ခရီးမဥ္ဈၡင်း၊ဗျူဟေဝါ၊ ထုတ်ချင်းမထွင်းသော ခရီးမဥ္ဈၡင်း၊ သိင်္ဃာဋကေဝါ၊ ခရီးဆုံ၌ၡင်း၊ ဧကေန၊သော၊ပုရိသေန၊နှင့်၊သဒ္ဓိံ၊ကွ၊ ဧကော၊ တည်း၊ သန္တိဋ္ဌေယျဝါ၊အံ့။ သလ္လပေယျဝါ၊ အံ့။ နိကဏ္ဏိကံ၊ နားရင်း၌အပ်၍၊ ဇပ္ပေယျဝါ၊တိုးတိုးမူလည်းပြောငြားအံ့။ ဒုတိယိကံ၊အဖော်ဖြစ်သော၊ဘိက္ခုနိံ၊ကို၊ ဥယျောဇေယျဝါ၊ လွှတ်မူလည်း လွှတ်လိုက်ငြားအံ့။ ပ။

ပဉ္စမ။ ၁၅။ ပုရေဘတ္တံ၊ နံနက်အခါ၌၊ ကုလာနိ၊ အိမ်တို့သို့၊ ဥပသင်္ကမိတွာ၊ ၍၊ သာမိကေ၊အိမ်ရှင်တို့ကို၊ အနာပုစ္ဆာ၊ မပန်မူ၍၊ ပက္ကမေယျ၊ ဖဲငြားအံ့။ ပ။

ဆဋ္ဌ။ ၁၆။ ပစ္ဆာဘတ္တံ၊ နေလွဲသောအခါ၌၊ ကုလာနိ၊တို့သို့၊ ဥပသင်္ကမိတွာ၊ ၍၊သာမိကေ၊ တို့ကို၊အနာပုစ္ဆာ၊၍၊အာသနေ၊ ၌၊အဘိနိသီဒေယျဝါ၊ ထိုင်မူလည်း တိုင်ငြားအံ့။ အဘိနိပဇ္ဇေယျဝါ၊ အိပ်မူလည်း အိပ်ငြားအံ့။ ပ။

သတ္တမ။ ၁၇။ ဝိကာလေ၊နေဝင်သောအခါ၌၊ကုလာနိ၊တို့သို့၊ ဥပသင်္ကမိတွာ၊ ၍၊သာမိကေ၊ တို့ကို၊ အနာပုစ္ဆာ၊ ၍၊ သေယျံ၊ အိပ်ရာ,နေရာကို၊ သန္ထရိတွာဝါ၊မိမိခင်း၍၎င်း၊သန္ထရာပေတွာဝါ၊သူတပါးကို ခင်းစေ၍၎င်း၊ ပ။

အဋ္ဌမ။ ၁၈။ ဒုဂ္ဂဟိတေန၊ ဆိုအပ်သည်မှ တပါး မကောင်းသောအယူဖြင့်၊ ဒူပဓာရိတေန၊ဆိုအပ်သည်မှတပါး မကောင်းသောအမှတ်ဖြင့်၊ ပရံ၊ သူတပါးကို၊ ဥဇ္ဈာပေယျ။ ကဲ့ရဲ့ငြားအံ့။ပ။

နဝမ။ ၁၉။ အတ္တာနံဝါ၊မိမိကို၎င်း၊ ပရံဝါ၊သူတပါးကို၎င်း၊ နိရယေနဝါ၊ငရဲ၌ဖြစ်ခြင်းဖြင့်၎င်း၊ ဗြဟ္မစရိယေနဝါ၊ သာသနာတော်မှ ရွေ့လျောခြင်းဖြင့်၎င်း၊ အဘိသပေယျ၊ကျိန်ဆဲငြားအံ့၊ ပ။

ဒသမ။ ၂၀။ အတ္တာနံ၊ကိုယ်ကို၊ ဝဓိတွာဝဓိတွာ၊ ထု၍ထု၍၊ ရောဒေယျ၊ငိုငြားအံ့။ပ။

၃။ နဂ္ဂဝဂ်

ပဌမ။ ၂၁။ ယာပနဘိက္ခုနီ၊ သည်၊နဂ္ဂါ၊ အချည်းနှီး၊ နဟာယေယျ၊ရေချိုးငြားအံ့။ပ။

ဒုတိယ။ ၂၂။ ဥဒကသာဋိကံ၊ရေသနုပ်ကို၊ကာရယမာနာယ၊ ပြုလိုသော၊ဘိက္ခုနိယာပန၊သည်ကား၊ပမာဏိကာ၊ ပမာဏနှင့် ယှဉ်သော ရေသနုပ်ကို၊ကာရေတဗ္ဗာ၊၏။ တတြ၊ထိုရေသနုပ်၌၊ ဣဒံ၊ကား၊ပမာဏံ၊တည်း၊ ဒီဃသော၊မှ၊သုဂတဝိဒတ္ထိယာ၊ဖြင့်၊ စတဿောဝိဒတ္ထိယော၊တို့တည်း၊တိရိယံ၊ အနံကား၊ ဒွေဝိဒတ္ထိယော၊တို့တည်း။ တံ၊ထိုပမာဏကို၊ အတိက္ကာမေန္တိယာ၊ လွန်စေသောရဟန်းမိန်းမအား၊ဆေဒနကံ၊သော၊ပါစိတ္တိယံ၊၏။

တတိယ။ ၂၃။ ဘိက္ခုနိယာ၊၏၊စီဝရံ၊ကို၊ဝိသိဗ္ဗေတွာဝါ၊ မိမိ ဖြေ၍ရင်း၊ဝိသိဗ္ဗာပေတွာဝါ၊သူတပါးကို ဖြေစေ၍ရင်း၊ သာ၊ ထိုရဟန်းမိန်းမသည်၊ ပစ္ဆာ၊၌၊အနန္တရာယိကိနီ၊ အန္တရာယ်မရှိပဲ၊ စတူဟပဉ္စာဟာ၊ လေးရက်,ငါးရက်ကို၊အညတြ-၌ပေတွာ၊ ၍၊ နေဝသိဗ္ဗေယျဝါ၊ မိမိမူလည်း မချုပ်ငြားအံ့။ သိဗ္ဗာပနာယ၊ ချုပ်စေခြင်းငှာ၊ ဥဿုက္ကံဝါ၊ ကြောင့်ကြကိုမူလည်း၊ နကရေယျ၊ မပြုငြားအံ့။ ပ။

စတုတ္ထ။ ၂၄။ သင်္ဃာဋိစာရံ၊သင်္ကန်းငါးထည်ကို လှည့်လည်၍ ဝတ်ခြင်းကို၊ ပဉ္စာဟိကံ၊ငါးရက်ကို၊ အတိက္ကာမေယျ၊အံ့၊ ပ။

မှတ်ဖွယ်။ ။ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်, ရေသနုပ်, တဘက်၊ သင်္ကန်း ၅-ထည်။

ပဉ္စမ။ ၂၅။ သင်္ကမနီယံ၊ ငါးရက်ကိုမလွန်မူ၍ ပြောင်းရွှေ့၍ ဝတ်အပ်သော၊ စီဝရံ၊မပန်ကြားမူ၍ ယူအပ်သောသူတပါး၏ သင်္ကန်းကို၊ ဓာရေယျ၊ဆောင်ငြားအံ့။ ပ။

ဆဋ္ဌ။ ၂၆။ ဂဏဿ၊ ဘိက္ခုနီသံဃာ၏၊ စီဝရလာဘံ၊ရအပ်သောသင်္ကန်းကို၊အန္တရာယံ၊ကို၊ ကရေယျ၊အံ့။ ပ။

သတ္တမ။ ၂၇။ ဓမ္မိကံ၊တရားအား လျော်သော၊ စီဝရဝိဘင်္ဂံ၊ သင်္ကန်းဝေဖန်ခြင်းကို၊ ပဋိဗာဟေယျ၊ မြစ်တားငြားအံ့။ ပ။

အဋ္ဌမ။ ၂၈။ အဂါရိကဿ ဝါ၊ လူအားငင်း၊ ပရိဗ္ဗာဇကဿ ဝါ၊ပရိဗိုဇ်ရဟန်းအားငင်း၊ ပရိဗ္ဗာဇိကာယ ဝါ၊ မအားငင်း၊ သမဏစီဝရံ၊ဝတ်ရုံလောက်သော ကပ္ပဗိန္ဒုထိုးသော ရဟန်း၏ သင်္ကန်းကို၊ဒဒေယျ၊ အံ့။ပ။

နဝမ။ ၂၉။ဒုဗ္ဗလ စီဝရ ပစ္စာသာယ၊အားနည်းသောသင်္ကန်း ရနိုးခြင်းဖြင့်၊ စီဝရကာလသမယံ၊ သင်္ကန်းကာလအခါကို၊ အတိက္ကာမေယျ၊ အံ့။ ပ။

ဒသမ။ ၃၀။ဓမ္မိကံ၊သော၊ ကထိနုဒ္ဓါရံ၊ ကထိန်နုတ်ခြင်းကို၊ ပဋိဗာဟေယျ၊ အံ့။ ပ။

၄။ တုဝဋ္ဋဝဂ်

ပဌမ။ ၃၁။ဒွေ၊နှစ်ယောက် ကုန်သော၊ယာပနဘိက္ခုနိယော၊ တို့သည်၊ ဧကမဉ္စေ၊ တညောင်စောင်းတည်း၌၊ တုဝဋ္ဋေယျုံ၊ အိပ်ကုန်ငြားအံ့။တာသံဘိက္ခုနီနံ၊တို့အား၊ပ။

ဒုတိယ။ ၃၂။ ဒွေ၊ကုန်သော၊ ယာပနဘိက္ခုနိယော၊တို့သည်၊ ဧကတ္ထရဏပါဝုရဏာ၊တခင်းတရုံတည်း၊ ပ။

တတိယ။ ၃၃။ဘိက္ခုနိယာ၊ အား၊ သဉ္စိစ္စ၊ မချမ်းသာစေလိုသောစေတနာ ရှိသည်ဖြစ်၍၊ အဖာသုံ၊ မချမ်းသာခြင်းကို၊ ကရေယျ၊အံ့။ပ။

စတုတ္ထ။ ၃၄။ဒုက္ခိတံ၊ ဖျားနာသော၊ သဟဇီဝိနိံ၊ အတူနေ တပည့်မကို၊နေဝ ဥပဋ္ဌဟေယျ၊မိမိမူလည်း မလုပ်ကျွေးငြားအံ့။ ဥပဋ္ဌာပနာယ၊ သူတပါးကို လုပ်ကျွေးစေခြင်းငှါ၊ ဥဿုက္ကံ၊ ကြောင့်ကြကို၊ နကရေယျ၊ အံ့။ပ။

ပဉ္စမ။ ၃၅။ ဘိက္ခုနိယာ၊ အား၊ ဥပဿယံ၊ တံခါးဖွင့်ရှိသော ပုဂ္ဂလိကကျောင်းကို၊ဒတွာ၊၍၊ ကုပိတာ၊၍၊ အနတ္တမနာ၊ ၍၊ နိက္ကဍ္ဎေယျဝါ၊ မိမိမူလည်း နှင်ထုတ်ငြားအံ့။ နိက္ကဍ္ဎာပေယျ ဝါ၊ စေအံ့။ ပ။

ဆဋ္ဌ။ ၃၆။ ဂဟပတိနာဝါ၊ နှင့်ငြင်း၊ ဂဟပတိပုတ္တေနဝါ၊ နှင့်ငြင်း၊ သံသဋ္ဌာ၊ နှီးနှောသည်ဖြစ်၍၊ ဝိဟရေယျ၊အံ့။ သာ ဘိက္ခုနီ၊ ကို၊ ဘိက္ခုနီဟိ၊တို့သည်၊ ဧဝံ၊ သို့၊ ဝစနီယာ၊ သည်၊ အဿ၊၏။ "အယျေ၊ မ၊ တွံ၊ သည်၊ ဂဟပတိနာပိ၊ နှင့်ငြင်း၊ ဂဟပတိပုတ္တေနာပိ၊နှင့်ငြင်း၊ သံသဋ္ဌာ၊၍၊ မာဝိဟရိ၊ မနေလင့်။ အယျေ၊မ၊တွံ၊သည်၊ ဝိဝိစ္စ၊ နှီးနှောခြင်းမှ ဆိတ်လော့၊ ဘဂိနိယာ၊ ၏၊ဝိဝေကညေဝ၊ကိုသာလျှင်၊ သံဃော၊သည်၊ ဝဏ္ဏေတိ၊ ချီးမွမ်း၏"၊ ဣတိ၊သို့၊ ဝစနီယာ၊သည်၊အဿ၊၏၊ ပ။

သတ္တမ။ ၃၇။ သာသင်္ကသမ္မတေ၊ ရွံ့ရှာဖွယ် ရှိ၏ဟု သမုတ် အပ်သော၊ သပ္ပဋိဘယေ၊ ဘေးဘယမ်းရှိသော၊ အန္တောရဋ္ဌေ၊ တိုင်း၏အတွင်း၌၊ အသတ္ထိကာ၊အဖေါ်ကုန်သည်မရှိပဲ၊စာရိကံ၊ ဒေသစာရီကို၊စရေယျ၊ အံ့။ ပ။

အဋ္ဌမ။ ၃၈။ တိရောရဋ္ဌေ၊ တိုင်းတပါး၌။ ပ။

နဝမ။ ၃၉။ အန္တောဝဿံ၊ ဝါတွင်း၌၊ ပ။

ဒသမ။ ၄၀။ ဝဿံဝုဋ္ဌော၊ ဝါကျွတ်ပြီး၍၊ အန္တမသော၊ ဖြင့်၊ ဆပ္ပဉ္စယောဇနာနိ၊ ခြောက်ယူဇနာ, ငါးယူဇနာသို့ တိုင်တိုင်၊ စာရိကံ၊ ကို၊ နပက္ကမေယျ၊ မဖဲငြားအံ့။ ပ။

၅။ စိတ္တာဂါရဝဂ်

ပဌမ။ ၄၁။ ယာပနဘိက္ခုနီ၊ သည်၊ ရာဇာဂါရံ၀ါ၊ မင်း၏ ကစားရာအိမ်သို့၎င်း၊ စိတ္တာဂါရံ၀ါ၊ ကစားရာ ပန်းချီဆေး ရေးစသော စရပ်သို့၎င်း၊ အာရာမံ၀ါ၊ ကစားရာအရံသို့၎င်း၊ ဥယျာနံ၀ါ၊ ကစားရာ ဥယျာဉ်သို့၎င်း၊ ပေါက္ခရဏိံ၀ါ၊ ကစားရာ ရေကန်သို့၎င်း၊ ဒဿနာယ၊ ငှာ၊ ဂစ္ဆေယျ၊ အံ့။ ပ။

ဒုတိယ။ ၄၂။ အာသန္ဒိံ၀ါ၊ အခြေရှည်သော ညောင်စောင်း အင်းပျဉ်ကို၎င်း၊ ပလ္လင်္ကံ၀ါ၊ သားရဲရုပ် အခြေရှိသော ပလ္လင် ကို၎င်း၊ ပရိဘုဉ္ဇေယျ၊ အံ့။ ပ။

တတိယ။ ၄၃။ သုတ္တံ၊ ချည်ကို၊ ကန္တေယျ၊ ဝင့်ငြားအံ့၊ ပ။

စတုတ္ထ။ ၄၄။ ဂိဟိဝေယျာဝစ္စံ၊ လူတို့အမှုကြီးငယ်ကို၊ ကရေယျ၊ ပြုငြားအံ့၊ ပ။

ပဉ္စမ။ ၄၅။ အယျေ၊ မ၊ ဟေိ၊ လာလှည့်၊ ဣမံအဓိကရဏံ၊ ဤအဓိကရုဏ်းကို၊ ဝူပသမေဟိ၊ ငြိမ်းစေလော့၊ ဣတိ၊ သို့၊ ဘိက္ခုနိယာ၊ သည်၊ ဝုစ္စမာနာယ၊ ဆိုအပ်သည်ရှိသော်၊ သာဓူတိ၊ ကောင်းပြီဟူ၍၊ ပဋိဿုဏိတွာ၊ ဝန်ခံ၍၊ သာ၊ ထိုရဟန်းမိန်းမ သည်၊ ပစ္ဆာ၊ ၌၊ အနန္တရာယိကိနီ၊ အန္တရာယ်မရှိပဲ၊ နေဝဝူပ

သမေယျ၊မိမိမှုလည်း မငြိမ်းငြားအံ့။ ဝူပသမာယ၊ငှါ၊ဥဿုက္ကံ၊ ကို၊နကရေယျ၊အံ့။ ပ။

ဆဋ္ဌ။ ၃၆။ အဂါရိကဿဝါ၊ အားရင်း၊ ပ။ သဟတ္ထာ၊ဖြင့်၊ ခါဒနီယံဝါ၊ ကိုရင်း၊ ဘောဇနီယံဝါ၊ ကိုရင်း၊ ပ။

သတ္တမ။ ၄၇။ အာဝသထစီဝရံ၊ ဥတုနီး သက်န်းကို၊ အနိဿဇ္ဇေတွာ၊ မစွန့်မူ၍၊ပရိဘုဉ္ဇေယျ၊ အံ့။ ပ။

အဋ္ဌမ။ ၄၈။ အာဝသထံ၊ တံခါးဖွဲ့ရှိသော ကျောင်းကို၊ အနိဿဇ္ဇေတွာ၊ စောင့်စိမ့်သောငှါ မစွန့်မူ၍၊ စာရိကံ၊ ကို၊ပ။

နဝမ။ ၄၉။ တိရစ္ဆာနဝိဇ္ဇံ၊ မဂ်ဖိုလ်မှ ဖီလာ ဖြစ်သော အတတ်ကို၊ ပရိယာပုဏေယျ၊ သင်ငြားအံ့၊ပ။

ဒသမ။ ၅၀။ ဝါစေယျ၊ ပို့ချငြားအံ့၊ပ။

၆။ အာရာမဝဂ်

ပဌမ။ ၅၁။ ယာပနဘိက္ခုနီ၊ သည်၊ ဇာနံ–ဇာနန္တီ၊ လျက်၊ သဘိက္ခုကံ၊ ရဟန်းရှိသော၊ အာရာမံ၊ အရံသို့၊ အနာပုစ္ဆာ၊ မပန်ပဲ၊ ပဝိသေယျ၊ အံ့၊ပ။

ဒုတိယ။ ၅၂။ ဘိက္ခုံ၊ ကို၊ အက္ကောသေယျဝါ၊ဆဲရေးမှုလည်း ဆဲရေးငြားအံ့၊ ပရိဘာသေယျဝါ၊ ဘေးကိုမှုလည်း ပြငြား အံ့၊ပ။

တတိယ။ ၅၃။ စဏ္ဍီကတာ၊ ကြမ်းတမ်းသည်ဖြစ်၍၊ ဂဏံ၊ ဘိက္ခုနီသံဃာကို၊ ပရိဘာသေယျ၊ ရေရွတ်ငြားအံ့၊ပ။

စတုတ္ထ။ ၅၄။ နိမန္တိတာဝါ၊ ဖိတ်အပ်သည်ဖြစ်၍ရင်း၊ ပဝါရိတာဝါ၊ ပဝါရိတ်သင့်သည်ဖြစ်၍ရင်း၊ ခါဒနီယံဝါ၊ ကိုရင်း၊ ဘောဇနီယံဝါ၊ ကိုရင်း၊ ပ။

ပဉ္စမ။ ၅၅။ ကုလမစ္ဆရိနီ၊ အမျိုး၌ဝန်တိုခြင်းရှိသည်၊ အသာ၊ ဖြစ်ငြားအံ့၊ ပ။

ဆဋ္ဌ။ ၅၆။ အဘိက္ခုကေ၊ ရဟန်း ယောကျ်ား မနီးသော၊ အာဝါသေ၊ ကျောင်း၌၊ ဝဿံဝသေယျ၊ ဝါဆိုငြားအံ့၊ ပ။

သတ္တမ။ ၅၇။ ဝဿံဝုဋ္ဌာ၊ ဝါကျွတ်ပြီး၍၊ ဥဘတောသံဃေ၊ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌၊ ဒိဋ္ဌေနဝါ၊ မြင်ခြင်းဖြင့်ရင်း၊ သုတေနဝါ၊ ကြားခြင်းဖြင့်ရင်း၊ ပရိသင်္ကာယဝါ၊ ရွံ့ရှာခြင်းဖြင့်ရင်း၊ တီဟိဌာနေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်၊ နပ္ပဝါရေယျ၊ မဖိတ်ငြားအံ့၊ ပ။

အဋ္ဌမ။ ၅၈။ ဩဝါဒါယဝါ၊ ဂရုဓံကို နာခံခြင်းငှါရင်း၊ သံဝါသာယဝါ၊ ဥပုသ် ပဝါရဏာ မေးခြင်းငှါရင်း၊ ပ။

နဝမ။ ၅၉။ ဘိက္ခုနိယာ၊ သည်၊ အနွဒ္ဓမာသံ၊ လခွဲတကြိမ်၊ ဘိက္ခုသံဃတော၊ ဘိက္ခုသံဃာမှ၊ ဥပေါသထပုစ္ဆကဉ္စ၊ ဥပုသ်မေးခြင်းရင်း၊ ဩဝါဒူပသင်္ကမနဉ္စ၊ ဆုံးမခြင်းငှါကပ်ခြင်းရင်း၊ ဣတိ၊ သို့၊ ဒွေဓမ္မာ၊ တို့ကို၊ ပစ္စာသိသိတဗ္ဗာ၊ ရှေးရှုတောင့်တအပ်ကုန်၏၊ တံ၊ ထိုတရားနှစ်ပါးကို၊ အတိက္ကာ မေန္တိယာ၊ လွန်စေသော ရဟန်းမိန်းမအား၊ ပ။

ဒသမ။ ၆၀။ ပသာခေ၊ ချက်အောက် ပုဆစ်နှစ်ဖက် အထက်ဟု ဆိုအပ်သောခက်မ၌၊ ဇာတံ၊ ပေါက်ရောက်သော၊ ဂဏ္ဍံဝါ၊

အိုင်းအမာကိုရင်း၊ ရုဓိတံဝါ၊ အမာကိုရင်း၊ သံဃံဝါ၊ကိုရင်း၊ ဂဏံဝါ၊ ကိုရင်း၊ အနုပလောကေတွာ၊ မပန်ကြားမူ၍၊ပုရိသေန၊ နှင့်၊ သဒ္ဓိံ၊ကွ၊ ဧကေနေကာ၊ တယောက်ချင်းချင်း၊ ဘေဒါ ပေယျဝါ၊ ခွဲမူလည်း ခွဲစေခြားအံ့။ ဖာလာပေယျဝါ၊ ဖောက်မူလည်းဖောက်စေခြားအံ့။ဓောဝါပေယျဝါ၊ဖန်မူလည်း ဆေးစေခြားအံ့။ အာလိမ္ပာပေယျဝါ၊ဆေးမူလည်း သုတ်လိမ်းစေခြားအံ့။ ဗန္ဓာ ပေယျဝါ၊ ကျပ်မူလည်း စည်းစေခြားအံ့။ မောစာပေယျဝါ၊ အစည်းကိုမူလည်း ဖြေစေခြားအံ့၊ပ။

၇။ ဂဗ္ဘိနိဝဂ်

ပဌမ။ ၆၁။ ယာပနဘိက္ခုနီ၊ သည်၊ ဂဗ္ဘိနိံ၊ ကိုယ်ဝန်ဆောင်သော မိန်းမကို၊ ဝုဋ္ဌာပေယျ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြားအံ့၊ပ။

ဒုတိယ။ ၆၂။ ပါယန္တိံ၊ နို့တိုက်သောမိန်းမကို၊ ပ။

တတိယ။ ၆၃။ ဒွေဝဿာနိ၊ နှစ်နှစ်တို့ပတ်လုံး၊ ဆသုဓမ္မေသု၊ ပါဏာတိပါတာ ဝေရမဏီ အစ, ဝိကာလဘောဇနာ ဝေရမဏီ အဆုံးဖြစ်သော တရားခြောက်ပါးတို့၌၊ အသိက္ခိတသိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိသော၊ သိက္ခမာနံ၊သိက္ခမာန်ကို၊ပ။

စတုတ္ထ။ ၆၄။ ဒွေဝဿာနိ၊လုံး၊ ဆသုဓမ္မေသု၊ တို့၌၊ သိက္ခိတသိက္ခံ၊ သော၊ သံဃေန၊ သည်၊ အသမ္မတံ၊ မသမုတ်အပ်သော၊ သိက္ခမာနံ၊ ကို၊ပ။

ပဉ္စမ။ ၆၅။ ဦနဒွါဒသဝဿံ၊ တဆယ့်နှစ်နှစ် မပြည့်သော၊ ဂိဟိဂတံ၊ ယောကျ်ားအထူး သွားလာဘူးသော၊ ပ။

ဆဋ္ဌ။ ၆၆။ ပရိပုဏ္ဏ ဒွါဒသဝဿံ၊ တဆယ့်နှစ်နှစ် ပြည့်သော၊ ဂိဟိဂတံ၊ သော၊ ဒွေဝဿာနိ၊ လုံး၊ ဆသုဓမ္မေသု၊တို့၌၊ အသိက္ခိတသိက္ခံ၊ သော၊ သိက္ခမာနံ၊ ကို၊ပ။

သတ္တမ။ ၆၇။ ပရိပုဏ္ဏ ဒွါဒသဝဿံ၊ သော၊ ဂိဟိဂတံ၊ သော၊ သံဃေန၊ သည်၊ အသမ္မတံ၊ သော၊ ပ။

အဋ္ဌမ။ ၆၈။ သဟဇီဝိနိံ၊ အတူနေ တပည့်မကို၊ ဝုဋ္ဌာပေတွာ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပြီး၍၊ ဒွေဝဿာနိ၊ လုံး၊ နေဝအနုဂ္ဂဏှေယျ၊ ပါဠိသင်ခြင်းစသည်ဖြင့် မိမိမချီးမြှောက်ငြားအံ့။ နအနုဂ္ဂဏှာပေယျ၊ သူတပါးကို မချီးမြှောက်စေငြားအံ့၊ ပ။

နဝမ။ ၆၉။ ဝုဋ္ဌာပိတံ၊ ပဉ္စင်းခံပေးသော၊ ပဝတ္တိနိံ၊ ဥပဇ္ဈာယ်မကို၊ ဒွေဝဿာနိ၊ လုံး၊ နာနုဗန္ဓေယျ၊ အစဉ်လိုက်၍ မလုပ်ကျွေးငြားအံ့။ ပ။

ဒသမ။ ၇၀။ သဟဇီဝိနိံ၊ ကို၊ဝုဋ္ဌာပေတွာ၊ ၍၊ အန္တမသော၊ ဖြင့်၊ ဆပ္ပဉ္စယောဇနာနိ၊ တိုင်၊နေဝဝူပကာသေယျ၊ မိမိမူလည်း ယူ၍မသွားငြားအံ့။ နဝူပကာသာပေယျ၊ သူတပါးကိုမူလည်း ယူ၍ မသွားစေငြားအံ့။ ပ။

၈။ ကုမာရိဘူတဝဂ်

ပဌမ။ ၇၁။ ဦနဝီသတိဝဿံ၊ အသက်နှစ်ဆယ် မပြည့်သော၊ ကုမာရိဘူတံ၊သတို့သမီးဖြစ်သော၊ ပ။

ဒုတိယ။ ၇၂။ ပရိပုဏ္ဏဝီသတိဝဿံ၊ အသက်နှစ်ဆယ် ပြည့်သော၊ကုမာရိဘူတံ၊ သော၊ ဒွေဝဿာနိ၊ လုံး၊ ဆသုဓမ္မေသု၊ တို့၌၊ အသိက္ခိတသိက္ခံ၊သော၊ ပ။

တတိယ။ ၇၃။ ပရိပုဏ္ဏဝီသတိဝဿံ၊ သော၊ ကုမာရိဘူတံ၊ သော၊ သိက္ခိတသိက္ခံ၊သော၊ သံဃေန၊ သည်၊ အသမ္မတံ၊ ကို၊ ဝုဋ္ဌာပေယျ၊ အံ့။ပ။

စတုတ္ထ။ ၇၄။ ဦနဒွါဒသဝဿာ၊တဆယ့်နှစ်ဝါ မပြည့်သေးပဲ၊ ဝုဋ္ဌာဝေယျ၊အံ့။ ပ။

ပဉ္စမ။ ၇၅။ ပရိပုဏ္ဏဒွါဒသဝဿာ၊တဆယ့်နှစ်ဝါ ပြည့်သည်ဖြစ်၍၊သံဃေန၊ သည်၊ အသမ္မတာ၊မသမုတ်ပဲ၊ ပ။

ဆဋ္ဌ။ ၇၆။ အယျေ၊မ၊တာဝ၊ ရှေးဦးစွာ၊ တေ၊အဘား၊ ဝုဋ္ဌာပိတေန၊သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြင်းဖြင့်၊ အလံ၊ မသင့်၊ ဣတိ၊ သို့၊ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်၊ သာဓူတိ၊ ကောင်းပြီဟူ၍၊ ပဋိဿုဏိတွာ၊ ဝန်ခံပြီး၍၊ ပစ္ဆာ၊၌၊ခီယနဓမ္မံ၊ ရှုတ်ချခြင်းသဘောသို့၊ ပ။

သတ္တမ။ ၇၇။ သိက္ခမာနံ၊ကို၊ အယျေ၊ မ၊တွံ၊ သည်၊မေ၊ အဘား၊စီဝရံ၊ကို၊ သစေဒဿသိ၊ အကယ်၍ပေးသည်ဖြစ်အံ့၊ ဧဝံ၊ ဤသို့ပေးသည်ရှိသော်၊အဟံ၊သည်၊တံ၊ကို၊ဝုဋ္ဌာပေဿာမိ၊ အံ့။ ဣတိ၊သို့၊ ဝတွာ၊၍၊ သာ၊ ထိုရဟန်းမိန်းမသည်၊ ပစ္ဆာ၊ ၌၊ အနန္တရာယိကိနီ၊ အန္တရာယ်မရှိပဲ၊ နေဝဝုဋ္ဌာပေယျ၊ အံ့။ ဝုဋ္ဌာပနာယ၊ ငှါ၊ဥဿုက္ကံ၊ကို၊ နကရေယျ၊အံ့၊ ပ။

အဋ္ဌမ။ ၇၈။မံ၊ငါ့ကို၊ ဒွေဝဿာနိ၊လုံး၊ သစေအနုဗန္ဓိဿသိ၊ အကယ်၍ အစဉ်လိုက်၍ လုပ်ကျွေးသည်ဖြစ်အံ့။ ပ။

နဝမ။ ၇၉။ ပုရိသသံသဋ္ဌံ၊ အနှစ် နှစ်ဆယ်သို့ ရောက်သော ယောကျ်ားနှင့် ရောနှောသော၊ ကုမာရကသံသဋ္ဌံ၊အနှစ်

နှစ်ဆယ်သို့မရောက်သော လုလင်နှင့် ရောနှောသော၊ စဏ္ဍိံ၊ ကြမ်းတမ်းသော၊ သောကာဝါသံ၊ ယောကျ်ားတို့၏ အတွင်း၌ စိုးရိမ်ခြင်းကို သွင်းတတ်သော၊ ဝါ၊ စိုးရိမ်ခြင်းသာ နေရာရှိသော၊ ပ။

ဒသမ။ ၈၀။ မာတာပိတူဟိဝါ၊ မိ,ဖတို့သည်ရင်း၊ သာမိကေနဝါ၊ လင်သည်ရင်း၊ အနနုညာတံ၊ ခွင့်မပြုအပ်သော၊ သိက္ခမာနံ၊ ကို၊ ဝုဋ္ဌာပေယျ၊ အံ့။ ပ။

ဧကာဒသမ။ ၈၁။ ပါရိဝါသိက ဆန္ဒဒါနေန၊ သိုးသောဆန္ဒပေးခြင်းရှိသည်ဖြစ်၍၊ ပ။

ဒွါဒသမ။ ၈၂။အနုဝဿံ၊ နှစ်တိုင်း၊ဝုဋ္ဌာပေယျ၊ အံ့။ ပ။

တေရသမ။ ၈၃။ဧကဝဿံ၊တနှစ်တည်း၌၊ ဒွေ၊ နှစ်ယောက်သော သိက္ခမာန်တို့ကို၊ ဝုဋ္ဌာပေယျ၊ အံ့။ပ။

၉။ ဆတ္တုပါဟနဝဂ်

ပဌမ။ ၈၄။ အဂိလာနာ၊ မနာပဲ၊ ဆတ္တုပါဟနံ၊ ထီး, ဘိနပ်ကို၊ ဓာရေယျ၊ ဆောင်ငြားအံ့။ပ။

ဒုတိယ။ ၈၅။ အဂိလာနာ၊ ပဲ၊ ယာနေန၊ ယာဉ်ဖြင့်၊ ယာယေယျ၊ သွားငြားအံ့။ပ။

တတိယ။ ၈၆။ သင်္ဃာဏိံ၊ ခါးကြိုးတန်ဆာကို၊ ပ။

စတုတ္ထ။ ၈၇။ဣတ္ထာလင်္ကာရံ၊ မိန်းမတို့၏ ဦးခေါင်းတန်ဆာစသည်ကို၊ ဓာရေယျ၊ အံ့။ပ။

ပဥ္စမ။ ၈၈။ ဂန္ဓဝဏ္ဏကေန၊ နံ့သာ, နံ့သာ ပျောင်းဖြင့်၊ နဟာယေယျ၊ ရေချိုးငြားအံ့။ ပ။

ဆဋ္ဌ။ ၈၉။ဝါသိတကေန၊ နံ့သာဖြင့် ထုံအပ်သော၊ ပိညာကေန၊ နှမ်းမှုန့်ညက်ဖြင့်၊ နဟာယေယျ၊ အံ့။ပ။

သတ္တမ။ ၉၀။ ဘိက္ခုနိယာ၊ ကို၊ ဥမ္မဒ္ဒါပေယျဝါ၊ ပွတ်သပ်မှုလည်း ပွတ်သပ်စေငြားအံ့။ ပရိမဒ္ဒါပေယျဝါ၊ ဆုပ်နယ်မှုလည်း ဆုပ်နယ်စေငြား အံ့။ ပ။

အဋ္ဌမ။ ၉၁။သိက္ခာမာနယ၊ သိက္ခမာန်ကို၊ ပ။

နဝမ။ ၉၂။ သာမဏေရိယာ၊ သာမဏေမကို၊ ပ။

ဒသမ။ ၉၃။ ဂိဟိနိယာ၊ လူမိန်းမကို၊ ပ။

ဧကာဒသမ။ ၉၄။ ဘိက္ခုဿ၊ ၏၊ ပုရတော၊ ရှေ့၌၊ အနာပုစ္ဆာ၊မပန်ကြားပဲ၊အာသနေ၊ နေရာ၌၊ ပ။

ဒွါဒသမ။ ၉၅။ အနောကာသ ကတံ၊ ခွင့်မပြု အပ်သော၊ ဘိက္ခုံ၊ ကို၊ ပဥှံ၊ ပြဿနာကို၊ ပုစ္ဆေယျ၊ အံ့၊ပ။

တေရသမ။ ၉၆။ အသံကိစ္စိကာ၊ ရင်လွှမ်းတဘက် မဝတ်ပဲ၊ ဂါမံ၊ သို့၊ ပဝိသေယျ၊ အံ့၊ပ။

ပါစိတ္တိယာ နိဋ္ဌိတာ။

ပါဋိဒေသနီယ

နိဒါန်း။ ။အယျာယော၊ တို့၊ အဋ္ဌ၊ ကုန်သော၊ ပါဋိဒေသနီယာ၊ ကုန်သော၊ ဣမေခေါ ပန ဓမ္မာ၊ တို့သည်၊ ပ။

ပဌမ။ ၁။ ယာပန ဘိက္ခုနီ၊ သည်၊ အဂိလာနာ၊ မနာပဲ၊ သပ္ပိံ၊ ထောပတ်ကို၊ ဝိညာပေတွာ၊ ၍၊ ဘုဉ္ဇေယျ၊ အံ့၊ တာယ ဘိက္ခုနိယာ၊ သည်၊ အယျေ၊ တို့၊ ဂါရယှံ၊သော၊ အသပ္ပါယံ၊ သော၊ ဓမ္မံ၊ သို့၊ အာပဇ္ဇိံ၊ ပြီ၊ တံ၊ ထိုပါဋိဒေသနီ အာပတ်ကို၊ ပဋိဒေသေမိ၊ ကြား၏၊ ဣတိ၊ သို့၊ ပဋိဒေသေတဗ္ဗံ၊ ကြား အပ်၏။ ပ။

ဒုတိယ။ ၂။ အဂိလာနာ၊ ပဲ၊ တေလံ၊ ဆီကို၊ ပ။

တတိယ။ ၃။ မဓုံ၊ ပျားကို၊ ပ။

စတုတ္ထ။ ၄။ ဖာဏိတံ၊ တင်လဲကို၊ ပ။

ပဉ္စမ။ ၅။ မစ္ဆံ၊ ငါးကို၊ ပ။

ဆဋ္ဌ။ ၆။ မံသံ၊ အမဲကို၊ ပ။

သတ္တမ။ ၇။ ခီရံ၊ နို့ရည်ကို၊ ပ။

အဋ္ဌမ။ ၈။ ဒဓိံ၊ နို့ဓမ်းကို၊ ဝိညာပေတွာ၊ ၍၊ ဘုဉ္ဇေယျ၊ အံ့။ (အကြွင်းဟူသမျှ သိသာလှပြီ)။

ဘိက္ခုနီပါတိမောက် နိဿယပြီး၏။

ကျမ်းပြီးနိဂုံး

စက္ကိန္ဒာဘိသိရိနာ'ယံ၊
ရစိတော ကာသိကေ သတေ။
ဆန္နောတုံ သာဝဏေ ကာဠေ၊
နဝမေ ဗုဒ္ဓဝါသရေ။

စက္ကိန္ဒာဘိ သိရိနာ၊ "**စက္ကိန္ဒာဘိ သိရိ သဒ္ဓမ္မဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု**" အမည်ရှိသော မဟာအောင်မြေဘုံစံ အုဋ်ကျောင်းဆရာတော်သည်၊ ရစိတော၊စီရင်အပ်သော၊ အယံ ပါတိမောက္ခနိဿယော၊ ဤဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက် နိဿယသည်၊ ကာသိကေသတေ ဆန္နောတုံ၊ ၁၁၉၆-ခု၊ သာဝဏေ ကာဠေ နဝမေ၊ နံကာလ လပြည့်ကျော် ၉ ရက်ဖြစ်သော၊ ဗုဒ္ဓဝါသရေ၊ ဗုဒ္ဓဟူးနေ့၌၊ နိဋ္ဌိတော၊ အပြီးသို့ရောက်၏။

ဆရာတော် ဦးဗုဓ်-မူ

ဒွေမာတိကာနိဿယပြီး၏။

ပဲခူးမြို့ သာသနမဏ္ဍိုင် ပါဠိတက္ကသိုလ်

နိုင်ငံတော်အစိုးရ ပါဠိတက္ကသိုလ် အမြဲတမ်း ကထိက

နိုင်ငံတော်အစိုးရ ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ဝင်

သာသနဓဇ ဓမ္မာစရိယ အင်္ဂုတ္တရနိကာယ ပါဠိပါရဂူ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ပဌမကျော်

အသျှင်ဓမ္မသာမိဘိဝံသ—၏

ဝိနည်းမှတ်ဖွယ်

ထုလ္လစ္စည်း။ ။သံဃာ၏ ဂရုဘဏ်ဥစ္စာကို အစိုးရ သဖြင့် သူတပါးအား ပေးသောရဟန်း၊ သမန်းမျက် သင်္ကန်း, လျှော်မြင် သင်္ကန်း, ပျဉ်ချပ်သင်္ကန်း, လူ့ဆံပင်သင်္ကန်း, စာမရီသားမြီး ဖြင့် ရက်ထားသော သင်္ကန်း, ခင်ပုပ်ငှက်တောင်ဖြင့်ရက်သော သင်္ကန်း, သစ်နက်ရေသင်္ကန်းတို့ကို ဝတ်သော ရဟန်း၊ အင်္ဂါဇာတ်ကို ဓားငယ်ဖြင့်ခွဲ၍ သွေးထုတ်သောရဟန်း၊ ဝှေးစေ့

အိမ်ကို ပုဆိုးဖြင့်ရစ်၍ ဆေးစည်းသော ရဟန်း၊ လူသားကို စားသော ရဟန်းတို့အား ထုလ္လစ္စဥ်း အာပတ်သင့်၏။

ဒုက္ကဋ်။ ။ငှတ်ပြောလျှော်သင်္ကန်း, အလုံးစုံ ညိုသော သင်္ကန်း, အလုံးစုံရွှေသော သင်္ကန်း, အလုံးစုံမောင်းသော သင်္ကန်းတို့ကို ဝတ်သောရဟန်း၊ ဆင်သား, မြင်းသား, ခွေးသား, ခြသေ့်သား, ကျားသား, ဝံသား, သစ်သား, အောင်းသားတို့ကို စားသော ရဟန်း၊ ရဟန်းတို့ဖို့ ရည်ရွယ်၍ သတ်သော ဝက်သား စသော အပ်စပ်သော အသားများကို သိလျက် စားသော ရဟန်း၊ မအပ်သော အသားဟု ထင်လျက် မမေးပဲ ဝက်သားစသော အပ်စပ်သော အသားကို စားသောရဟန်း၊ အဆောတလျှင် သင်္ကန်းကို ပင့်၍ ကျင်ကြီးအိမ်, ကျင်ငယ်အိမ်သို့ ဝင်သော ရဟန်း၊ အဆောတလျှင်သင်္ကန်းကိုပင့်၍ ကျင်ကြီးအိမ်, ကျင်ငယ်အိမ်မှ ထွက်သော ရဟန်း၊ ချောင်းမဟန့်ပဲ ကျင်ကြီးအိမ်, ကြင်ငယ်အိမ်သို့ ဝင်သောရဟန်း၊ ညီးတွားလျက် (တအင်းအင်းနှင့်ညှစ်လျက်)ကုဋ္ဌိတက်သောရဟန်း၊ ဒန်ပူစားလျက်ကုဋ္ဌိတက်သောရဟန်း၊ (ဒန်ပူစားလျက် ကျင်ငယ်ကား စွန့်ကောင်း၏)၊ ကျင်ကြီးမြောင်းထဲသို့ ကျင်ငယ်စွန့်သော ရဟန်း၊ ကျင်ငယ်မြောင်းထဲသို့ ကျင်ကြီးစွန့်သောရဟန်း၊ ဇောင်းထက်သော ကနုတ်ကို သုတ်သော ရဟန်း၊ ကနုတ်ကို ကျင်ကြီးတွင်းထဲသို့ ပစ်ချသော ရဟန်း၊ ကျင်ငယ်စွန့်ပြီး သန့်သက်ရေ မဆေးသော ရဟန်း၊ ကုဋ္ဌိ၌မစင်ပေနေသည်ကိုမြင်လျက် မဆေးကြောသော ရဟန်း၊ ကုဋ္ဌိ၌အမှိုက်သရိုက်တို့ကို မရှင်းသောရဟန်း၊ သန့်သက်ရေကို တဖြတ်ဖြတ် မြည်အောင်ပက်၍ ဆေးသော ရဟန်း၊ သိတင်းကြီးက မတိုက်တွန်းပဲ ပါတိမောက် ပြသောရဟန်း၊

သီတင်းကြီးကို မပန်ကြားပဲ တရားဟောခြင်း, ပြဿနာဖြေခြင်း, ပြဿနာမေးခြင်း, စာပြန်ခြင်း, မီးထွန်းခြင်း, မီးသတ်ခြင်း, တံခါးပိတ်ခြင်း, တံခါးဖွင့်ခြင်းတို့ကို ပြုသောရဟန်း၊ အဝတ်မဝတ်ပဲ ခရီးသွားခြင်း, ရှိခိုးခြင်း, စားသောက်ခြင်းစသည်ကို ပြုသောရဟန်း၊အချင်းချင်းချေးပွတ်၍ ရေချိုးသောရဟန်းများ၊ ကျန်းမာလျက် မြို့တွင်းရွာတွင်း၌ ဘိနပ်စီးသောရဟန်း၊ အလုံးစုံညိုသောဘိနပ်, အလုံးစုံမည်းသောဘိနပ်, အလုံးစုံရွှေသောဘိနပ်, အလုံးစုံ မောင်းသော ဘိနပ်, ပြောက်ကျားသောဘိနပ်များကို စီးသောရဟန်း၊ ချစ်ကြိုက်သောစိတ်ထားဖြင့် မိန်းမကိုကြည့်သောရဟန်း၊ (ချစ်ကြိုက် သာယာသော စိတ်ထားဖြင့် ယောကျ်ားကိုပင် မကြည့်ကောင်း၊ ကြည့်လျှင် ဒုက္ကဋ်ပင်၊) အကြောင်းမရှိပဲ လှုလိုသောစိတ်, သာယာသောစိတ်ဖြင့် မှန်ကြည့်သောရဟန်း၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေထိုင်သော ရဟန်း၊ကျန်းမာလျက် ဆိုက်ကား, မြင်းလှည်းစသောသက်ရှိသတ္တဝါဆွဲသောယာဉ်များကိုစီးသောရဟန်း၊ လူတဦးတယောက်“ဟပ်ချိုး” ဟု ချေရာ၌“အသက်ရှည်ပါစေ”ဟု ဆိုသောရဟန်း၊ သေခိယသိက္ခာပုဒ် များကိုမလိုက်နာသောရဟန်း၊ လူများကိုပန်း,သစ်သီး,ဝါး,ဒန်ပူ ပေးသောရဟန်း၊အစေပါးခံသော (တမန်လုပ်သော)ရဟန်း၊ဆေးကုသော ရဟန်း၊ဝိနည်းနားမလည်ပဲ နားလည်သူများကိုအမှီပြု၍ မနေသောရဟန်း၊ သဘာဂအာပတ်ရှိလျက်ဥပုသ်ပြုသောရဟန်းများ၊သဘာဂအာပတ်ရှိလျက်ပဝါရဏာပြုသောရဟန်းများ၊အန္တရာယ်မရှိပဲ သုတသဒ္ဒါဖြင့် သိမ်း၍ ဥပုသ် အကျဉ်းပြုသော ရဟန်း၊ ဥပုသ်မပြုပဲ နေသောရဟန်း၊ဝါမဆိုပဲ နေသောရဟန်း၊ နေ့အခါ၌ တံခါးမပိတ်ပဲအိပ်သောရဟန်း၊ စပါးမျိုး

၇-ပါး,မိန်းမရုပ်ပုံ,ရတနာ ၇-ပါး, လက်နက်အမျိုးမျိုး,မိန်းမ များ၏ အဝတ်အစား တန်ဆာအမျိုးမျိုး, တီးမှုတ်မှုဆိုင်ရာ တူရိယာအမျိုးမျိုးစသည်တို့ကိုကိုင်တွယ်သောရဟန်း(နတ်သမီး ရုပ်ပါသော မီးခြစ်ကိုပင် မကိုင်ကောင်း၊ကိုင်လျှင် ဒုက္ကဋ်ပင်၊ လက်နက်အမျိုးမျိုး စသည်ဖြင့်ဆိုရာ၌သေနတ်ကိုင်လျှင် ဒုက္ကဋ်၊ ဓားမြှောင်ကိုင်လျှင် ဒုက္ကဋ်စသည်ဖြင့် ဖြန့်၍သိပါ၊) ခွက်တခု တည်း ၂-ပါးစားသော ရဟန်းများ၊တခင်း, တခြုံ, တကုတင် တည်း ၂-ပါးအိပ်သော ရဟန်းများ(၃-ပါးစသည်အိပ်ကပြော ဖွယ်မလို၊) က သောရဟန်း၊အကခိုင်းသော ရဟန်း၊သီချင်းဆို သော ရဟန်း၊ သီချင်းအဆိုခိုင်းသော ရဟန်း၊ဆိုင်းတီးသော ရဟန်း၊ဆိုင်းတီးခိုင်းသော ရဟန်း၊ ပွဲကြည့်သော ရဟန်း၊ဘိုင် စကုတ်ကြည့်သော ရဟန်း၊ လက်နှစ်သစ်ထက် ရှည်အောင် ဆံပင်ထားသောရဟန်း၊ လက် ၂သစ်မရှိသော်လည်း ဆံပင်ကို ၂-လထက်ကျော်၍ မရိပ်ပဲထားသောရဟန်း၊ လက်သီး,ခြေသီး တို့ကို အလှပြုပြင်သော ရဟန်း၊ အင်္ဂါဇာတ်၌ရှိသော အမွေး, ချိုင်းမွေးတို့ကို ရိပ်ပစ်သော (နှုတ်ပစ်သော) ရဟန်း၊ သင်္ကန်း ကို မရှိမသေ ဝတ်သောရဟန်း၊ ခါးပန်းကြိုးမပါပဲ မြို့တွင်း ရွာတွင်း သွားသောရဟန်း၊ သင်္ကန်းမရုံပဲ မြို့တွင်း ရွာတွင်း သွားသောရဟန်း၊ ဘေးရန်မရှိပဲ လက်ခုတ်တဖောင်ထက် အ လွန် သစ်ပင်ပေါ်သို့ တက်သော ရဟန်း၊ ရေမစစ်ပဲသောက် သောရဟန်း၊ ရေစစ်မပါပဲ တယူဇနာဝက်, ထို့ထက်အလွန် ခရီးသွားသော ရဟန်း၊ ကိုယ့်ကိုယ်ကိုသတ်သောရဟန်း၊မိန်းမ ရုပ်စသော အရုပ်အမျိုးမျိုးကို ရေးသော (ပန်းချီဆရာ လုပ် သော)ရဟန်း၊ မိန်းမရုပ်စသော အရုပ်အမျိုးမျိုး အရေးခိုင်း သော ရဟန်း၊ မိမိထက် ဝါကြီးသော ပုဂ္ဂိုလ်လာလျက် ထပြီး

နေရာမပေးသော ရဟန်း၊ လောကာယတကျမ်းကိုသင်ယူသော ရဟန်း၊ ဆံပင်ဖြူကို နှုတ်သော (အနှုတ်ခိုင်းသော) ရဟန်း၊ သပိတ်ကိုင်လျက် တံခါးဖွင့်သော ရဟန်း၊ သပိတ်ကိုင်လျက် တံခါးပိတ်သောရဟန်း၊ ဆွမ်းခံသပိတ်, ဆွမ်းစား သပိတ်ကို ရေဆေး, ဆေးပြီး ရေပြောင်အောင်သုတ်, သုတ်ပြီး အသင့်အတင့် နေလှမ်း, နေလှမ်းပြီး ပြန်သိမ်း, ဤစည်းကမ်းကို မလိုက်နာသော ရဟန်း၊ စားဖတ်, ဝါးဖတ်, စားပြီးအရိုး, လက်ဆေးရေများကို သပိတ်ထဲထည့်သော ရဟန်း၊ အကာအရံ မရှိသော(သပိတ်လိမ့်ကျနိုင်သော)နေရာ၌ သပိတ်ကို ထားသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။

ဒုဗ္ဘာသိ။ ။ရယ်မှုပြောင်လှောင်လို၍ မြတ်သူကို ယုတ်သူဟု ပြောသောရဟန်း, ဦးတိဿကို ဦးဒတ္တဟု ပြောသော ရဟန်း, ဝသိဋ္ဌအနွယ်ကို ဘာရဒွါဇ အနွယ်ဟုပြောသော ရဟန်း၊ ဖြူသောသူက ရှေ့ကမဲသောသူကနောက်ကသွားရာ ရှေ့ကလူက မဲ၍ နောက်ကလူကဖြူသည်ဟု ပြောသောရဟန်း တို့အား ဒုဗ္ဘာသိအာပတ်သင့်၏။

မှတ်ဖွယ်။ ။ရယ်မှုပြောင်လှောင်လို၍ ဇာတိ, နာမ, ဂေါတ္တ, ကမ္မ စသော "အက္ကောသ ဝတ္ထု" ဆယ်ပါးကိုမဟုတ်တယုတ် ပြောသမျှ ဒုဗ္ဘာသိ အာပတ်သင့်၏ဟုမှတ်ပါ၊ (ကျန်အာပတ်များမှာ ပါတိမောက်၌ပါပြီးဖြစ်၍ မရေးတော့ပြီ)။

ဥပုသ်ပြုပုံ

တပါး။ ။အဇ္ဇ မေ ဥပေါသထော ပန္နရသောတိ အဓိဋ္ဌာမိ၊ (၁၄ ရက် ဥပုသ်ဖြစ်က စာတုဒ္ဒသော ဟုဆို။)

နှစ်ပါး။ ။ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ (အငယ်ကဆို)၊ သာဓု-သာဓု-သာဓု၊ ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ (အကြီးက ဆိုပုံ။)

သုံးပါး။ ။သုဏာတု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော(စာတုဒ္ဒသော)၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊မယံအညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ (ဥတ်ထားပုံ။)

အမှာ။ ။ဥတ်ထားပြီးလျှင် ၂ ပါး ဥပုသ်ပြု သကဲ့သို့ ကြီးစဉ်ငယ်လိုက် "ပရိသုဒ္ဓေါ အဟံ အာဝုသော" စသည်ဖြင့် ဆို၊ ၄ ပါးမှစ၍ အများဖြစ်က သုတ္တုဒ္ဒေသဥပုသ်ပြုမြဲ။

ပဝါရဏာပြုပုံ

တပါး။ ။အဇ္ဇ မေ ပဝါရဏာ ပန္နရသီတိ အဓိဋ္ဌာမိ၊ (စတုဒ္ဒသီတိ အဓိဋ္ဌာမိ။)

နှစ်ပါး။ ။အဟံအာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံအာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ (၃—ခေါက်ဆို၊) သာဓု—သာဓု—သာဓု(အငယ်က ဆိုရာ၌ "အဟံ ဘန္တေ"ဟုဆိုရိုးသာ။)

သုံးပါး။ ။သုဏာတု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ(စာတုဒ္ဒသီ)၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ (ဥတ်ထားပုံ။)

အမှာ။ ။ဥတ်ထားပြီးလျှင် ၂ ပါးမှာကဲ့သို့ဆိုပါ။

လေးပါး။ ။သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ(စာတုဒ္ဒသီ၊) ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ(ဥတ်ထားပုံ)။

အမှာ။ ။ဉတ်ထားပြီးလျှင် ၂ ပါးကွဲ့သို ဆို၊ ၅ပါး,၅ပါးထက် များလျှင် "သုဏာတု မေ ဘန္တေ သံဃော"ဟုဆို။

ဒေသနာကြားပုံ

ငယ်။ ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ကြီး။ ။သာဓု သာဓု သာဓု။

ငယ်။ ။အဟံ ဘန္တေ သဗ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ ယာ တုမှမူလေ ပဋိဒေသေမိ။

ကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။

ငယ်။ ။အာမ ဘန္တေ ပဿာမိ။

ကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

ငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကြီး။ ။သာဓု သာဓု သာဓု။

ကြီး။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ငယ်။ ။သာဓု ဘန္တေ သာဓု သာဓု။

ကြီး။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုယှမူလေ ပဋိဒေသေမိ။

ငယ်။ ။ပဿထ ဘန္တေ တာ အာပတ္တိယော။

ကြီး။ ။အာမ အာဝုသော ပဿာမိ။

ငယ်။ ။အာယတိံ ဘန္တေ သံဝရေယျာထ။

ကြီး။ ။သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ငယ်။ ။သာဓု ဘန္တေ သာဓု သာဓု။

ငယ်။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာ ဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှ မူလေ ပဋိဒေသေမိ။

ကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။

ငယ်။ ။အာမ ဘန္တေ ပဿာမိ။

ကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

ငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကြီး။ ။သာဓု သာဓု သာဓု။

ဥပဇ္ဈာယ်ယူပုံ။ ။တပည့်"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" (၃-ခေါက်ဆို၊)ဆရာ.... ပါသာဒိကေန သမ္ပာဒေထ (သမ္ပာဒေဟိ၊)တပည့်....အာမ ဘန္တေ။

နိဿယည်းယူပုံ။ ။တပည့်"အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ" (၃-ခေါက်ဆို၊) ဆရာ "ပါသာဒိကေန သမ္ပာဒေထ"၊တပည့်"အာမ ဘန္တေ"။

ဝါဆိုပုံ။ ။ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ၊ (၃-ခေါက်ဆို၊) သာဓု သာဓု သာဓု။

ရွာဝင်ပန်ပုံ။ ။ဝိကာလေ ဂါမပ္ပဝိသနံ အာပုစ္ဆာမိ။

ကထိန်ခင်းပုံ။ ။ကထိန်ခင်းသူက ဒုကုဋ် ဖြစ်လျှင်" ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟုဆို၊ ဧကသီဖြစ်လျှင်"ဣမိနာ ဥတ္တရာသံဂေန ကထိနံ အတ္ထရာမိ" ဟုဆို၊ သင်းပိုင်ဖြစ်လျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" ဟုဆို၊ ဆက်၍ "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊

အနုမောဒထ”ဟုဆို၍ အားလုံး သာဓုခေါ်၊ ထို့နောက် ကထိန်မခင်းသော ရဟန်းများက“အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ”ဟု ဆို၍ အားလုံး သာဓုခေါ်။

အကပ္ပိယပတ္တစတုက္က။ ။၁ ရဟန်းသည်ငွေကိုအလှူခံ၍သံပြားကိုဝယ်ပြီး သပိတ်အလုပ်ခိုင်းအံ့၊ ထိုသပိတ်သည် မဟာကပ္ပိယသပိတ်မည်၏၊ မည်သည့်နည်းနှင့်မျှ အပ်စပ်အောင်ပြု၍ မရတော့၊သပိတ်ကိုခွဲ၍ သံကိုယူပြီး ပဲခွပ်လုပ်အံ့၊ ထိုပဲခွပ်ကို မကိုင်ကောင်း၊ ထိုပဲခွပ်ဖြင့် ဒန်ပူသတ်အံ့၊ ဒန်ပူပင် မစားကောင်း၊ ပဲခွပ်ကိုဖျက်၍ ငါးမြှားချိပ်လုပ်ပြီး ငါးမြှားအံ့၊ ရလာသော ငါးပင် မစားကောင်း၊၂ ရဟန်းသည်ငွေကိုအလှူခံ၍ကိုယ်တိုင်သပိတ်ဝယ်အံ့၊ ထိုသပိတ်သည် အကပ္ပိယသပိတ်မည်၏၊တသာသနာလုံး မည်သူမှ မသုံးဆောင်ကောင်း၊ (ငွေကို ငွေရှင်အားပြန်ပေး၊သပိတ်ကို သပိတ်ရှင်အား ပြန်ပေး၍ နောက်မှ အပ်စပ်သောနည်းဖြင့် ရလျှင် ထိုသပိတ်ကို သုံးဆောင်ကောင်း၏၊) ၃ ရဟန်းသည် ငွေကိုအလှူခံ၍ ကပ္ပိယဒကာကို သပိတ် အဝယ်ခိုင်းအံ့၊ ထိုသပိတ်လည်း အကပ္ပိယသပိတ်ပင် မည်၏၊ အလှူခံထားသော ငွေဖြင့်ဝယ်ခြင်းကြောင့် တသာသနာလုံး မသုံးကောင်း၊ (အထက်ပါနည်းဖြင့်ရလျှင် သုံးဆောင်ကောင်း၏၊) ၄ရဟန်းသည် ငွေကိုအလှူမခံပဲ “ဒီသပိတ်အတွက် ငွေကို ဘယ်လောက်ပေးလိုက်ပါ” ဟုကပ္ပိယဒကာကို အပေးခိုင်း၍ သပိတ်ကိုဝယ်အံ့၊ ထိုသပိတ်လည်း အကပ္ပိယသပိတ်ပင်မည်၏၊ ဝယ်သောရဟန်း မသုံးကောင်း၊ အခြား ရဟန်းများ သုံးဆောင်ကောင်း၏။

စောရပတ္တစတုက္က။ ။ကျောင်းတကျောင်း၌ "ဗုဒ္ဓိရက္ခိတ, ဓမ္မရက္ခိတ, သံဃ ရက္ခိတ, မာတုရက္ခိတ" ရဟန်းလေးပါး နေကြရာ အခြားကျောင်းမှ ဦးတိဿက ဗုဒ္ဓရက္ခိတ၏ သပိတ်ကို ခိုးယူလိုသဖြင့် အချိန်မဲ့၌လာ၍ ဓမ္မရက္ခိတအား "အဲဒီသပိတ်စင်ပေါ်မှာ တပည့်တော့် သပိတ် ရှိပါတယ်၊ ယူပေးလိုက်စမ်းပါ"ဟုဆိုအံ့၊ ဓမ္မရက္ခိတက ဗုဒ္ဓရက္ခိတ၏ သပိတ်ကို မြောက်ချိကာမျှ၌ ဦးတိဿမှာ ပါရာဇိက ကျတော့၏၊ ဓမ္မရက္ခိတက သံဃရက္ခိတ၏ သပိတ်ကို ယူပေးအံ့၊ ထိုအတူ မြောက်ချိကာမျှ၌ ဦးတိဿမှာ ပါရာဇိကပင်၊ ဓမ္မရက္ခိတသည် မိမိ၏ သပိတ်ကို ယူပေးအံ့၊ ပိုင်ရှင်ကပေးသောကြောင့် ဦးတိဿမှာ ဒုက္ကဋ်သာ၊ ဓမ္မရက္ခိတသည် "ဦးတိဿဟာ သပိတ်ခိုးလို၍ လာသည်" ဟု မှတ်ထင်၍ မိမိနှင့်မတဲ့သော မာတုရက္ခိတ၏ သပိတ်ကို ယူပေးအံ့၊ ဓမ္မရက္ခိတနှင့်ဦးတိဿတို့ ၂ ပါးလုံး ပါရာဇိကကျတော့၏၊ ဓမ္မရက္ခိတသည် "ဦးတိဿဟာ သပိတ်ခိုးလို၍ လာသည်"ဟု ထင်လျက် ဗုဒ္ဓရက္ခိတ၏ သပိတ်, သို့မဟုတ် သံဃရက္ခိတ၏ သပိတ်ကို ယူပေးအံ့၊ မြောက်ချိကာမျှ၌ ၂ ပါးလုံး ပါရာဇိကပင်၊ ဓမ္မရက္ခိတသည် ထိုသို့ထင်လျက် မိမိ၏သပိတ်ကို ယူပေးအံ့၊ ၂ ပါးလုံး ဒုက္ကဋ်၊ ဓမ္မရက္ခိတသည် "ဦးတိဿသည် သပိတ်ခိုးလို၍ လာသည်"ဟုထင်လျက် ဦးတိဿ၏ သပိတ်ကို ယူပေးအံ့၊ ဓမ္မရက္ခိတမှာ ပါရာဇိက၊ ဦးတိဿမှာ ဒုက္ကဋ်။

ဋ္ဌေကစတုက္က။ ။ဆိတ်, အမေ, အာဂန္တု, ဘီလူး လေးဦး ယှဉ်၍ အိပ်နေကြစဉ် ဆိတ်ကိုသတ်မည်ဟု ကြံလျက် အမေကို သတ်မိလျှင် သတ်သောရဟန်းမှာ ပါရာဇိကလည်း ကျတော့၏၊ အာနန္တရိယ ကံလည်းထိုက်၏၊ အာဂန္တုကို သတ်မိလျှင်

ပါရာဇိကကျ၏၊ ဘီလူးကိုသတ်မိလျှင် ထုလ္လစ္စဉ်း၊ ဆိတ်ကိုသတ်မိလျှင် ပါစိတ်၊ အမေကိုသတ်မည်ဟု ကြံလျက် အမေကိုသတ်မိလျှင် ပါရာဇိက, အာနန္တရိယ၊အာဂန္တုကို သတ်မိလျှင် ပါရာဇိက၊ ဘီလူးကိုသတ်မိလျှင် ထုလ္လစ္စဉ်း၊ ဆိတ်ကိုသတ်မိလျှင် ပါစိတ်၊ အာဂန္တုကို သတ်မည်ဟုကြံလျက် အမေကို သတ်မိလျှင် ပါရာဇိက, အာနန္တရိယ၊ အာဂန္တုကို သတ်မိလျှင် ပါရာဇိက၊ ဘီလူးကို သတ်မိလျှင် ထုလ္လစ္စဉ်း၊ ဆိတ်ကိုသတ်မိလျှင် ပါစိတ်၊ ဘီလူးကိုသတ်မည်ဟုကြံလျက် အမေကိုသတ်မိလျှင် ပါရာဇိက, အာနန္တရိယကံ၊ အာဂန္တုကို သတ်မိလျှင် ပါရာဇိက၊ဘီလူးကို သတ်မိလျှင် ထုလ္လစ္စဉ်း၊ ဆိတ်ကိုသတ်မိလျှင် ပါစိတ်။

သိက္ခာပုဒ်။ ။ဘိက္ခုပြဲ သိက္ခာပုဒ်ပေါင်း ၂၂၇၊ ဘိက္ခုနီပြဲ သိက္ခာပုဒ် ပေါင်း ၃၁၁, ပေါင်း ၅၃၈၊ ဤကား အကျဉ်း သာတည်း၊ အကျယ် အားဖြင့် သိက္ခာ ပုဒ်ပေါင်း ၉၁,၈၀၅,၀၃၆,၀၀၀ = (ကိုးထောင့်တရာ့ ရှစ်ဆယ် ကုဋေ ငါးသိန်း သုံးသောင်း ခြောက်ထောင်)ရှိ၏။

ညစ်နွမ်းကြောင်း၄-ပါး။ ။ဆီးနှင်း, မြူတိမ်, သူရိန်,မီးခိုး ဤလေးမျိုးသည် လ, နေ, နက္ခတ် ကြယ်တာရာ တို့၏ ညစ်နွမ်းကြောင်းဖြစ်၏၊ အရက်သောက်ခြင်း, မေထုန်မှီဝဲခြင်း, ရွှေငွေ ပိုက်ဆံ အလှူခံခြင်း, မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း ဤလေးမျိုးသည် သာသနာ့ဝန်ထမ်းသျှင်, ရဟန်းတို့၏ညစ်နွမ်းကြောင်းဖြစ်၏၊ ထိုတွင် အရက်သောက်လျှင် ပါစိတ်အာပတ် သင့်၏, အပြစ်မကြီးသော်၊ မေထုန်မှီဝဲလျှင် ပါရာဇိက ကျသဖြင့် ရဟန်းမဟုတ်တော့၊ ရွှေငွေပိုက်ဆံ အလှူခံခြင်းကား အပြစ်များလှ

၏၊ မည်သည့်နည်းနှင့်မျှ ရွှေငွေပိုက်ဆံကို အလှူ မခံကောင်း၊ မှန်လှ၏၊....“ဒကာတော် မဏိစူဠကဂါမဏိ အကြင် သူအား စင်စစ် ရွှေငွေအပ်၏၊ ထိုသူအား ကာမဂုဏ်ငါးပါးတို့ အပ်ကုန်၏၊ ထိုသူ့ကို ‘သမဏဓမ္မ သကျပုတ္တိယဓမ္မမရှိတော့’ ဟူ၍ စင်စစ် မှတ်ပါလေ”ဟု ဝိနည်းစူဠဝဂ္ဂါသတ္တသတိကက္ခန္ဓက၌ ဟောတော်မူသည်၊ ဆိုလိုရင်းကား....“ငါဘုရားသည် သာသနာ့ ဝန်ထမ်း သျှင့်ရဟန်းတို့အား ကာမဂုဏ်ငါးပါးကို သုံးဆောင်ခံစားခြင်း, သာယာခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မပြုနိုင်သလို ရွှေငွေဒင်္ဂါးပိုက်ဆံများကို သာယာခြင်း, ကိုင်တွယ်ခြင်း, သုံးဆောင်ခံစားခြင်း, အလှူခံခြင်းများကို မည်သည့် နည်းနှင့်မျှခွင့်မပြုနိုင်”ဟုဖြစ်၏၊ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမှာ အပြစ်များလှ၏။

ကပ္ပိခြင်း။ ။မြေ၌ ဖြစ်စေ, ရေ၌ဖြစ်စေ ပေါက်နေသော စိမ်းစိုသော သစ်ပင်သည် ဘူတဂါမ် မည်၏၊ ကပ္ပိလို့မရ၊ မူလတည်ရာဌာနမှ ကျွတ်လွတ်လျှင် (သစ်ပင်ဖြစ်က နှုတ်လိုက်လျှင်, သို့မဟုတ် ခုတ်ဖြတ်လိုက်လျှင်) ဗီဇဂါမ်ဖြစ်တော့၏၊ (ဘူတဂါမ်ကိုဖျက်ဆီးလျှင် ပါစိတ်, ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်)၊ ဗီဇဂါမ်များကို လက်သည်း, မီး,ဓားသုံးမျိုးတွင် တမျိုးမျိုးဖြင့်ကပ္ပိရမည်၊ လက်သည်း,ဓားတို့ဖြင့် ကပ္ပိရာ၌ ပေါက်သွားအောင်,ပြတ်သွားအောင် ဆိပ်ရ, လှီးရမည်၊ ငြုပ်သီးစသည်ကို သစ်ရွက်စိမ်းထဲထည့်၍ သစ်ရွက်ကို ကပ္ပိလျှင် ကပ္ပိရာမရောက်၊ ကြံစည်းကိုကပ္ပိရာ၌ စည်းထားသော နွယ်အစိမ်းကိုကပ္ပိလျှင် ကြံကို ကပ္ပိရာမရောက်၊ အကပ်မခံပဲလည်း ကပ္ပိကောင်း၏၊ ကပ္ပိရာ၌ ကပ္ပိမည့် အရာဝတ္ထုကို ရဟန်းက ကိုင်

ထားဖို့မလိုပါ၊ "ကပ္ပိယံ ကရောဟိ"ဟုရဟန်းကဆိုလျှင် ကပ္ပိမည့်သူက "ကပ္ပိယံ ဘန္တေ"ဟုဆိုပါ၊ ဆိုသည်နှင့် တပြိုင်နက်လက်သည်းဖြင့် ပေါက်အောင်, သို့မဟုတ် ပြတ်အောင် ဆိပ်လိုက်ပါ၊လက်သည်းဖြင့်မဆိပ်ပဲ ဆွဲဖြတ်လျှင်ကပ္ပိရာမရောက်။

သေခိယ။ ။သေခိယသိက္ခာပုဒ် ၇၅-ပါးတွင် ၁-မှ၂၆ အထိ သိက္ခာပုဒ် ၂၆- ပုဒ်ကို သာရုပ္ပသိက္ခာပုဒ်ဟုခေါ်သည်၊ ၂၇-မှ ၅၆-အထိ သိက္ခာပုဒ် ၃၀-ကို ဘောဇနပ္ပဋိသံယုတ္တ သိက္ခာပုဒ်ဟုခေါ်သည်၊ ၅၇-မှ၇၅-အထိ သိက္ခာပုဒ် ၁၉-ပုဒ်ကို ဓမ္မဒေသနာ ပဋိသံယုတ္တသိက္ခာပုဒ်ဟုခေါ်သည်။

ပရိဘောဂ။ ။ထေယျပရိဘောဂ, ဣဏပရိဘောဂ, ဒါယဇ္ဇပရိဘောဂ, သာမိ ပရိဘောဂဟု ပရိဘောဂ လေးမျိုးရှိ၏၊ သီလမရှိသော ရဟန်းတုရဟန်းယောင် တို့၏ သုံးဆောင်ခြင်းကား ခိုး၍ သုံးဆောင်ရာ ရောက်သောကြောင့် ထေယျ ပရိဘောဂ မည်၏၊ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ ပစ္စည်းလေးပါးကို သုံးဆောင်လျှင် ဣဏပရိဘောဂမည်၏၊ အရိယာတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်း, ကလျာဏပုထုဇဉ် တို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဒါယဇ္ဇ ပရိဘောဂ မည်၏၊ ဘုရား, ရဟန္တာတို့၏ ပစ္စည်း လေးပါးကို သုံးဆောင်ခြင်းသည် သာမိပရိဘောဂမည်၏။

အမှာ။ ။ထေယျ ပရိဘောဂမှာ ခိုး၍ သုံးဆောင်ရာရောက်သောကြောင့် မနုဿ လူ့လောကဝယ် သူခိုးသည် ပဉ္စဂုဏ်,သံသရာ ၂-ဖြာ၌ အမျိုးမျိုးသော ဒုက္ခကို ခံစားရသလို ထေယျပရိဘောဂ အမှုကို ပြုသော သာသနာ့ ဝန်ထမ်း ပုဂ္ဂိုလ်လည်း ခံစားရပေလိမ့်မည်၊ ဣဏပရိဘောဂမှာ ကျွေး

ယူ၍ သုံးဆောင်ရာရောက်သောကြောင့် နောက်နောင် ဘဝ အဆက်ဆက်၌ အလှူရှင်၏ ကျွန်ဖြစ်ရတတ်သည်၊ ထို့ကြောင့် ရှေးဆရာတော်ကြီးများက "ပစ္စဝေက္ခဏာ မဆင်ခြင်က နွားဖြစ်တတ်သည်"ဟု ဆုံးမတော်မူခဲ့ကြသည်။

အလဇ္ဇီပုဂ္ဂိုလ်

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊
အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊
ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

အနက်။ ။သဉ္စိစ္စ၊စေတနာနှင့်တကွ စေ့ဆော်၍၊ အာပတ္တိံ၊ အာပတ်သို့၊ အာပဇ္ဇတိ၊ရောက်၏၊ အာပတ္တိံ၊ သင့်ရောက်နေသောအာပတ်ကို၊ ပရိဂူဟတိ၊မကုစားပဲ ဝှက်ထား၏၊ အဂတိဂမနဉ္စ၊ အဂတိလိုက်စားခြင်းသို့လည်း၊ ဂစ္ဆတိ၊ ရောက်၏၊ ဧဒိသော၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို၊ အလဇ္ဇီပုဂ္ဂလော၊ အလဇ္ဇီပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။

ကာလိက ၄-ပါး။ ။ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက,ယာဝဇီဝိကဟူ၍ ကာလိက ၄-ပါးရှိ၏၊ ထိုတွင် ယာဝကာလိက ဟူသည် ဆွမ်းအစရှိသော အရုဏ်တက်မှ မွန်းမတည့်မီ စားကောင်းသော အစာတည်း၊ယာမကာလိကဟူသည် မွန်းတည့်ပြီးနောက် ဆာလျှင်သုံးဆောင်ကောင်းသော ဘိလပ်ရည်, ဖျော်ရည် စသည်တည်း၊သတ္တာဟကာလိကဟူသည် ထောပတ်,ဆီဦး,ဆီ,ပျားရည်,တင်လဲတို့ဘည်း၊ တခါ အကပ်ခံထားလျှင် ၇-ရက်အပ်၏၊ ယာဝဇီဝိကဟူသည် တခါ

အကပ်ခံထားလျှင်တသက်လုံးသုံးဆောင်ကောင်းသော ဆား, ဗလရှင်ဆေးပြား, လျက်ဆား စသည်တည်း။

ကျောင်းထိုင်အင်္ဂါ။ ။"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ၅-အင်္ဂါ" ဟူသော လင်္ကာနှင့် အညီ ဆယ်ဝါရခြင်း, ဥဘတောဝိဘင်းပါဠိအဋ္ဌကထာကို အနက်ထင်၍ အစိုပ္ပါယ်မြင်ခြင်း, ဝိနည်း ပရိဝါ၌လာသော ကံကြီးကံငယ်ကိုနားလည်ခြင်း, ဝိနည်း စူဠဝါ ပရိဝါခန္ဓက၌လာသော ကျင့်ဝတ်များကို နားလည်ခြင်း, နာမ်တရားရုပ်တရားများကို ပိုင်ပိုင် နိုင်နိုင် ပြောပြနိုင်ခြင်း ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံမှ ကျောင်းထိုင် ကောင်းသည်။

သင်္ကန်း ၉-မျိုး။ ။"သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုး, အမာ" ဟူသော လင်္ကာနှင့်အညီ သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, အိပ်ရာခင်း, မျက်နှာသုတ်, ပရိက္ခာရစောဠ, နိသီဒိုင်, မိုးရေခံ သင်္ကန်း, အမာလှမ်းသင်္ကန်းဟု သင်္ကန်း ၉-မျိုးရှိ၏၊ (သင်္ကန်း ၉-ထည်ဟု ခေါ်ကြသည်ကို ပညာရှင်များ ဆင်ခြင်ထိုက်၏၊) ထိုသင်္ကန်း ၉-မျိုးတွင် "ပရိက္ခာရစောဠနှင့် အိပ်ရာခင်း" သင်္ကန်း ၂ မျိုးမှာ အထည်များစွာ အဓိဋ္ဌာန်တင်ကောင်း၏၊ မျက်နှာသုတ်မှာ ၂ ထည် အဓိဋ္ဌာန် တန်ကောင်း၏၊ (ပါဠိ [illegible]ကဿာ ဝိဝရက္ခန္ဓက၌မျက်နှာသုတ် ၂ ထည်, အပရေ ဝ[illegible]၌ အများအပ်၏ဟုလာ၍ ကခ်ါ၌ အများအပ်၏ဟု ဆို သည်။) ကျန်သင်္ကန်း ခြောက်မျိုးမှာ တထည်စီသာ အဓိဋ္ဌာန် [illegible]ကောင်း၏။

သိက္ခာပမာဏ။ ။သင်းပိုင် အလျားငါးတောင် တောင်ဆုပ်၊ အနံ ၂တောင်(အငယ်ဆုံး ပမာဏ၊) အကြီးဆုံး ဘုရားသင်းပိုင်အောက်၊ ကေသီနှင့် ၂ထပ်သင်္ကန်းအလျားငါးတောင် တောင်ဆုပ်၊ အနံသုံးတောင် တောင်ဆုပ် (အငယ်ဆုံး ပမာဏ၊) အကြီးဆုံး ဘုရားကေသီအောက်၊ နိသီဒိုင် (အငယ်ပမာဏမလာ၊)အကြီးဆုံး အလျား လေးတောင်ထွာ၊ အနံ သုံးတောင်လက်ကိုးသစ်၊ အမာလွှမ်းသင်္ကန်း (အငယ်ပမာဏ မလာ၊) အကြီးဆုံး အလျားကိုးတောင်၊ အနံ လေးတောင်ထွာ၊ မိုးရေခံသင်္ကန်း(အငယ်ပမာဏ မလာ၊)အကြီးဆုံး အလျား ခြောက်တောင်ထွာ၊ အနံ ငါးတောင် ၁၅ လက်သစ်၊ (မျက်နှာသုတ်၊ အိပ်ရာခင်း၊ ပရိက္ခာရစောဠ အငယ်ပမာဏရော အကြီးပမာဏပါ မလာ၊)အငယ်ပမာဏ မလာဟု ဆိုသော်လည်း အလျားတတောင့်ထွာ၊ အနံတထွာနှင့် လက်ခြောက်သစ်အောက်မငယ်ရ၊ ငယ်လျှင် သင်္ကန်းမမည်၊ အထက်ပါ ပမာဏနှင့် ညီလျှင်မိမိအမည်ဖြင့် အဓိဋ္ဌာန်တင်နိုင်သည်၊ မညီလျှင် (အထက်ပါပမာဏထက်ကြီးလျှင်ဖြစ်စေ သေးလျှင်ဖြစ်စေ) မိမိအမည်ဖြင့်အဓိဋ္ဌာန်မတင်ကောင်း၊ ပရိက္ခာရစောဠ ဟူသော အမည်ဖြင့်အဓိဋ္ဌာန်တင်ကောင်း၏။

အဓိဋ္ဌာန်တင်ပုံ။ ။သင်း ပိုင် ဖြစ် က "ဣမံ အန္တရဝါသကံအဓိဋ္ဌာမိ"၊ကိုယ်ရုံ(ကေသီ)ဖြစ်က"ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" ဒုကုဋ္ဋ(၂ထပ်သင်္ကန်း)ဖြစ်က"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟု ဆိုပါ၊ အဓိဋ္ဌာန်ချလိုက"ဣမံ အန္တရ ဝါသကံ ပစ္စုဒ္ဓရာမိ"စသည်ဖြင့် ဆိုပါ။

ဝိကပ္ပနာပြုပုံ။ ။ငင်းသက်န်း ၉မျိုးကို အဓိဋ္ဌာန်မတင်လိုလျှင် ဝိကပ္ပနာပြုရ၏၊ ဝိကပ္ပနာ ပြုလိုက "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟုဆို၊ ဝိကပ္ပနာပြုရာပုဂ္ဂိုလ်က "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟုဆိုပါ၊အများဖြစ်က ဣမာနိ စီဝရာနိ, ဟတ္ထပါသ်မှ လွတ်နေသော သင်္ကန်းဖြစ်က တထည်ဆိုလျှင် ဧတံ စီဝရံ,အများဆိုလျှင် ဧတာနိ စီဝရာနိ ဟုဆို။

အမှာ။ ။အဓိဋ္ဌာန်တင်ရာ၌ သင်းပိုင်ဖြစ်လျှင် ဣမံ အန္တရဝါသကံ စသည်ဖြင့် အမည်ကိုဖေါ်၍ တင်ရ၏၊ ဝိကပ္ပနာပြုရာ၌ ဣမံ အန္တရဝါသကံ စသည်ဖြင့် အမည်ကို မဖေါ်ရတော့ပဲ သင်္ကန်း ၉-မျိုးတွင် မည်သည့် သင်္ကန်းကိုပဲ ဝိကပ္ပနာ ပြုပြု "ဣမံစီဝရံ"စသည်ဖြင့် စီဝရဟူသောအမည်ဖြင့်သာ ဝိကပ္ပနာ ပြုရသည်။

သပိတ်၉မျိုးနှင့် ပမာဏ။ ။ဉက္ကဋ္ဌုက္ကဋ္ဌ သပိတ် = သုံးပြည်ပိုသည်, ဉက္ကဋ္ဌ=သုံးပြည်တိတိဆံ့သည်,ဉက္ကဋ္ဌောမက=သုံးပြည်မဆံ့တတ်, မဇ္ဈိမုက္ကဋ္ဌ=သုံးခွက်ပိုသည်, မဇ္ဈိမ=သုံးခွက်တိတိ, မဇ္ဈိမောမက=သုံးခွက်မဆံ့တတ်, ဩမကုက္ကဋ္ဌ=သုံးစလယ်ပိုသည်,ဩမက=သုံးစလယ်တိတိ, ဩမကောမက=သုံး စလယ် မဆံ့တတ်။

အမှာ။ ။အထက်ပါ သပိတ် ၉ မျိုးတွင် ၁ နံပါတ်နှင့်၉နံပါတ် သပိတ် ၂ မျိုးမအပ်၊ ကျန် ၇ မျိုးအပ်၏။

ဗုဒ္ဓေါဝါဒ

ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။

ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလသံဝရံ။

အနက်။ ။ပါတိမောက္ခံ၊ ပါတိမောက် သိက္ခာပုဒ်တော်ကို၊ ဝိသောဓေန္တော၊ သုတ်သင် စောင့်ရှောက်သော သျှင်, ရဟန်းသည်၊ ဇီဝိတံ၊ အသက်ကို၊ အပေ့ဝဇဟော၊ စွန့်သော် စွန့်ရာ၏၊ လောကနာထေန၊ မြတ်စွာဘုရားသည်၊ ပညတ္တံ၊ ပညတ်တော်မူအပ်သော၊ သီလသံဝရံ၊ ပါတိမောက္ခသံဝရသီလခေါ် သိက္ခာပုဒ်တော်ကို၊ နဘိန္ဒေ၊ မဖျက်ဆီးရာ။

(သံသရာ ဝဋ္ဋဒုက္ခမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ရယူလိုသော သာသနာ့ဝန်ထမ်း သျှင်,ရဟန်းသည် မိမိ၏အသက်ကို စွန့်ခွင့်ကြုံလျှင် စွန့်ရမည်၊ ဘုရားဟော သိက္ခာပုဒ်တော်ကို ဘယ်သောအခါမျှ မဖျက်ဆီးပါနှင့်, မကျူးလွန်ပါနှင့်ဟု မြတ်စွာဘုရား ဟောတော်မူသည်၊ လောကီ စည်းစိမ်မျိုးစုံကို စွန့်လွှတ်တားပြီး ဖြစ်ပါလျက် ဘာမဟုတ်သော အကြောင်း ကလေးများ ကြောင့် သိက္ခာပုဒ်တော် များကို ဖျက်ဆီးမည် ဆိုလျှင် ပစ္စုပ္ပန် ဘဝမှာလည်း အာပတ် အမျိုးမျိုး သင့်ခြင်း, ဘုရားစကား နားမထောင်သူဟု စွပ်စွဲ ကဲ့ရဲ့ ခံရခြင်း စသော အပြစ် အမျိုးမျိုးနှင့် ရင်ဆိုင် တိုးရလိမ့်မည်၊ နောင်ဘဝ အဆက်ဆက်မှာလည်း ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်ဟူသော အပါယ်လေးဘုံသို့ ရောက်ရမည်ဖြစ်၍ ဘဝသံသရာဝယ် အစွမ်းကုန် နစ်နာရတော့မည်၊ သို့ဖြစ်၍ တခဏတာမျှသာ ဖြစ်သော လက်ရှိပစ္စုပ္ပန်ဘဝ၏ ချမ်းသာရေးကို မြော်တွေး၍ နောက်နောင် ဘဝအဆက်ဆက် ဆင်းရဲရေးကို မည်သည့်နည်းနှင့်မျှ မလုပ်ထိုက်ပါ၊ ဤနေရာ၌ထေရအပဒါန် ကျမ်းလာ သျှင်ဉပါလိ ကျူးရင့်တော်မူသော ဉဒါန်း ဂါထာများကို ကျက်ထားထိုက်ပေသည်။

ဥဒါန်းဂါထာများ

သတ္ထုကပ္ပံ သုဝိနယံ၊ ဓာရေမိ ဟဒယေနဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။
ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

အနက်။ ။အဟံ၊ ငါသည်၊ သတ္ထုကပ္ပံ၊ သက်တော်ထင်ရှား, ဖ-ဘုရားနှင့်, မခြားတမူ, အလားတူသော၊ သုဝိနယံ၊ ကောင်းစွာ ပုံသေ, ဆုံးမပေတတ်, ဝိနည်းမြွတ်ကို၊ ဟဒယေန၊ စိတ်ကောင်း ထုံထား, နှလုံးသားဖြင့်၊ ဓာရေမိ၊ ကောင်းစွာမသွေ, ဆောင်ရပေ၏။ ဝိနယံ၊ကို၊သဗ္ဗဒါ၊ အခါခပ်သိမ်း၊ နမဿမာနော၊ရှိခိုးလျက်၊ ဝိဟရိဿာမိ၊နေပါအံ့။

ဝိနယော၊ဝိနည်း တရားတော်သည်၊ မယှံ၊ငါ၏၊ အာသယော၊ အိပ်ရာနေရာတည်း၊ ဝိနယော၊ သည်၊ မယှံ၊ ငါ၏၊ ဌာနစင်္ကမံ၊ ရပ်ရာစင်္ကြံသွားရာတည်း၊ဝိနယေ၌၊ဝါသံ၊နေခြင်းကို၊ ကပ္ပေမိ၊ပြုပါ၏၊ ဝိနယော၊ သည်၊ မမ၊ ငါ၏၊ဂေါစရော၊ ကျက်စားရာတည်း။

နိဂုံး

ဓမ္မဿာမိဘိဝံသေန၊
ကတော ဘိက္ခုဟိတက္ကရော။
လက္ခဉဝိနယော နာမ၊
သာရပုဏ္ဏော သုနိဋ္ဌိတော။

ဝိနည်းမှတ်ဖွယ်ပြီး၏။

အထက်တန်းနက္ခတ်ဗေဒင်ပညာရှိ

သမားတော်ကြီး

ဆရာသူရိယပဏ္ဍိတ်၏

မြန်မာ့ဆေးနည်းတထောင်

ထွက်ပေါ်လာတော့မည်

ကဗျာပါရဂူ၊ မင်းလှသန်ယာဘွဲ့ခံ

စလေဦးပုည၏

ဓမ္မဂီတိတရားစာ

မကြာမီထွက်တော့မည်

မှာယူကြည့်ရှုသည့်အခါ တရားစာအုပ်ပေါင်း များစွာနှင့် မတူပဲ တကယ် ပြောင်မြောက် သစ်ဆန်းသော ကဗျာသွား, ကာရန်သွားဖြင့် ဆန်းပြားစွာ ရေးသားထားသော "**အကောင်းဆုံး တရားစာအုပ်**"ဖြစ်ကြောင်း တွေ့ရပါမည်။

ဝိပဿနာ နည်းပြဆရာကြီး

ဦးပဂျိုင်

ရေး

ဝိပဿနာဘာဝနာနှစ်စောင်တွဲ

ဆိုင်တိုင်းမှာ ရနိုင်ပါပြီ၊

အဖိုး ၃-ကျပ်

ယနေ့ မြန်မာပြည်၌ ရှုပ်ထွေးလှသော ဝိပဿနာလောကမှာ ဆရာကြီး ဦးပဂျိုင်၏ ဝိပဿနာသည် ဘုရားဟော ပိဋကတော်နှင့် ကိုက်ညီကြောင်း အံဝင်ဂွင်ကျဖြစ်ကြောင်း တစ တစနှင့် သိကုန်ကြပြီ။

ဝိပဿနာ အစစ်အမှန်ကို အားထုတ်လိုသူတိုင်း တအုပ်ကျဝယ်ထားကြရန် အထူးသင့်လျော်ပါသည်။

စာသင်သားများ

အထူး နှစ်သက်တော်မူကြသော

ကူညီရေးအဘိဓမ္မာ

ပဌမအကြိမ်ရိုက်။ ။၁၅ ဖောင်၊ စာမျက်နှာ (၂၄၀) မျှသာ ရှိခဲ့ပါသည်။

ဒုတိယအကြိမ်ရိုက်။ ။၁၈ ဖောင်၊ စာမျက်နှာ (၂၈၈) မျှသာ ရှိခဲ့ပါသည်။

တတိယအကြိမ်ရိုက်။ ။၂၂ ဖောင်၊ စာမျက်နှာ (၃၅၂) ရှိပါသည်။

စာသင်သားများအတွက် အထူးစေတနာထားပြီး ယခု တတိယ အကြိမ် ရိုက်ရာ၌ အမေး-အဖြေပေါင်း (၃၀၀) ကျော်မျှ တိုးတက် ဖြည့်သွင်းခဲ့ပါသည်၊ စာတိုးထားသော်လဲ အဖိုးနှုန်း လုံးဝမတိုးပါ။

စာသင်သား သာသနာ့ အညွန့်အညှောက် ပုဂ္ဂိုလ်ကျော် အသျှင်မြတ်များ မပင်မပန်း စာမေးပွဲအောင်ပန်းကို ဆင်မြန်း တော်မူနိုင်ကြပါစေ၊ သာသနာ့ဝန်ကို အားသွန်ခွန်စိုက် ထမ်း ဆောင်နိုင်ကြပါစေဘုရား။

မောင်သောင်းစိန်။

အသျှင်ဇမ္ဗုဿာဘိဝံသ ၏
ကျမ်းစာများ

၁။ ကုညီရေးအဘိဓမ္မာ
(တတိယအကြိမ် ရိုက်ပြီး)

၂။ ကုညီရေးရူပသိဒ္ဓိ
(ဒုတိယအကြိမ် ရိုက်တော့မည်)

၃။ ဆန္ဒောသန္နိယငိုပ္ပတ္တိ
(မကြာခင် ထွက်တော့မည်)

၄။ အလင်္ကာရသန္နိယငိုပ္ပတ္တိ
(မကြာခင် ရိုက်တော့မည်)

၅။ သဒ္ဒသန္နိယငိုပ္ပတ္တိ
(စီရင်နေပါသည်)

၆။ ဗုဒ္ဓ၏ပုဂ္ဂိုလ်ကျော်များ

၇။ ဗုဒ္ဓဝင်ကျော်

၈။ ကုညီရေးကခ်ါ

၉။ မြတ်နိဗ္ဗာန်
(နိဗ္ဗာန်နှင့် ပတ်သက်၍ သိဖွယ်အစုံ)

၁၀။ ဗုဒ္ဓဝါဒ ဝိပဿနာ
(ဝိပဿနာလောကအတွက် မရှိမဖြစ်သော
ကျမ်းမြတ်)

- ပဌမကြီး, ပဌမကျော်, သကျသီဟ, စေတိယင်္ဂဏ, အစိုးရ စာချတန်းများကို တိကျစွာ ဖြေဆိုနိုင်ချင်ပါသလား?
- သက္ကတဆန်းကျမ်းပေါင်း များစွာတို့မှ လာသော ဆန်းအဆီအနှစ်တို့ကို သိလိုပါသလား?
- ဆန်းနှင့်ပတ်သက်သော ခရာခက်ဆစ် ဝိနိစ္ဆယအရပ်ရပ်ကို ကြားနာလိုပါသလား?
- ရှေးရှေးထွက်နှင့်ပြီးသော မြန်မာပြည်ဖြစ် ဆန်းကျမ်းများနှင့် မတူပဲ ပင်ရင်း သက္ကတ ဆန်းကျမ်းများကို တကယ်တမ်း မွှေနှောက် ချောက်ချားလျက် ရဲရဲတောက် တင်ပြထားသော အချက်အလက်များကို တွေ့မြင်လိုပါသလား?
- ဘယ်တုန်းကမှ မတွေ့ဘူး, မမြင်ဘူး, မကြုံဘူး, မကြားဘူးသေးတဲ့ သက္ကတလာ အဓိပ္ပါယ်အသစ်စက်စက်ကလေးတွေကို တွေ့မြင်လိုပါသလား?
- ဟာ.... ဟင်.... အလို.... တယ်ဟုတ်ပါလား.... တယ်ထူးပါလား.... တခါမှ မတွေ့ဘူး မမြင်ဘူးသေးပါလား.... တယ်ဆန်းပါလား....စတဲ့ အာမေဍိတ်သံလေးတွေကို မွေးထုတ်ပေးမဲ့—

ဆန္ဒောသန္ဒယဋိပ္ပဏီ

ထွက်ပေါ်လာတော့မည်

အနက်၊ အဓိပ္ပါယ်၊ အမေးအဖြေ၊ ပါဠိအဆုံးအဖြတ်၊ အနက်အဆုံးအဖြတ်၊ အမည်အဆုံးအဖြတ်၊ သိမှတ်ဖွယ် အရပ်ရပ်တို့ဖြင့်....

စာကြည့်တိုက်

ဖြန့်ချီရာဌာန

(ဆင္ဃမှူ ကိုယ်စားလှယ်)

တင်တင်အေး

ပိဋကစာပေဌာန

၁၄-ရွှေတိဂုံဘုရားတောင်ဘက်မုခ်

ဒဂုံစာတိုက်၊ ရန်ကုန်

※

တင်တင်အေးစာအုပ်ဆိုင်၌

ဆင္ဃသံဂါယနာမှူ ကျမ်းစာအုပ် အမျိုးမျိုး၊ ပိဋကသုံးပုံ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ယောဇနာ, အနု, မဓု, ဂန္ထန္တရ ကျမ်းစာအုပ်အမျိုးမျိုး၊ ဆေးကျမ်း, အင်းကျမ်း, ဂါထာမန္တန် ကျမ်း, ဗေဒင်ကျမ်းအမျိုးမျိုး၊ တရားစာအမျိုးမျိုး၊ ဇိနတ္ထပကာသနီ, မဏိကုဏ္ဍလ, ငါးရာ့ငါးဆယ်, ဇာတ်ကြီးဆယ်ဖွဲ့စသော ကျမ်းကြီးကျမ်းခိုင်အမျိုးမျိုး၊ အလိုရှိသောစာအုပ်များကို အဖိုးနှုန်း **အထူးချိုသာစွာဖြင့်** ရောင်းချပေးနေပါသည်။

☆ကာလာ-ကိုတင်အောင် ကိုတင်ငွေ(သင့်ဘဝ)☆